# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


> **ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**
>
> လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။
>
> နာ၁၀၀၇ ( ဓမ္မပဒ- ၃၃၂)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 9 November 2023 ၁၁၂၇၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၃) ကျင်းပစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၃) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်း အဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူး ဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးမြင့်ဆွေ တို့ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့ ဖတ်စရာ

**မြန်မာ့နိုင်ငံရေးပါတီများနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်**

ဆောင်းပါး
စာမျက်နှာ » ၆

**၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ 5G မိုဘိုင်းလ်ချိတ်ဆက်မှု အရေအတွက် တစ်ဘီလီယံအထိ ရှိလာနိုင်**

စာမျက်နှာ » ၁၃



**မွန်ပြည်နယ်၌ ပဲမျိုးစုံ ဈေးနှုန်းများ အနည်းငယ်မြင့်တက်**

စာမျက်နှာ » ၁၈

ကြေးမုံ

# ဒီမိုကရေစီစနစ်ရှင်သန်ဖွံ့ဖြိုး နိုင်ငံအဓွန့်ရှည်တည်တံ့ခိုင်မြဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းအစဉ်အလာကြီးမားသော နိုင်ငံတော်ဖြစ်သည်။ ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် စည်းလုံးညီညွတ်စွာဖြင့် တစ်သားတည်းနေထိုင်လာခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် ဆုံးရှုံးခဲ့ရသည့်လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများဆင်နွှဲပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် လွတ်လပ်သော နိုင်ငံတော်ကို ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် ဖော်ဆောင်ကျင့်သုံးခဲ့သည်။

ထို့နောက် ပါလီမန်ဒီမိုကရေစီစနစ်ကို ပီပြင်စွာကျင့်သုံးနိုင်မှုမရှိသဖြင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲအတည်ပြုပြဋ္ဌာန်းပြီး ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံ တည်ထောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၌ ဖြစ်ပေါ်လာသည့်အခြေအနေအရပ်ရပ်ကြောင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရပ်ဆိုင်းသွားခဲ့ပြီးနောက် ပြည်သူများ၏လိုအင်ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေစွာ ထူထောင်နိုင်ရန် ကြိုးပမ်းတည်ဆောက်ခဲ့သည်။ အဆိုပါစနစ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အနာဂတ်နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သည့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ၂၀၀၈ ခုနှစ်တွင် ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်တစိုက် မမှိတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ထိန်းသိမ်းသွားမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ နိုင်ငံတော်တွင် လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း အတည်ပြုပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကိုအခြေခံပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်အသက်ဝင်ကျင့်သုံးခဲ့ရာ အစိုးရသက်တမ်းနှစ်ဆက် ငါးနှစ်နှစ်ကြိမ် ၁၀ နှစ်ကို အောင်မြင်စွာ ကျင့်သုံးဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဒီမိုကရေစီစနစ်ယိမ်းယိုင်ပျက်ပြားမှုကို ပြန်လည်တည့်မတ်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြန်လည်အကောင်အထည်ဖော်လျက်ရှိပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

ဆိုလိုသည်မှာ နိုင်ငံတစ်နိုင်ငံတွင် အသက်ဝိညာဉ်ပမာအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို တည်ဆောက်အကောင်အထည်ဖော်နေသမျှ ထိုနိုင်ငံသည် အဓွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏စွမ်းအားတစ်ရပ်ဖြစ်ကြောင်းကို မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ ယနေ့ထက်တိုင်အောင် ထိန်းသိမ်းစောင့်ရှောက်အကောင်အထည်ဖော်နိုင်မှုများက ဖော်ပြနေသည်။ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်း၊ တည်ဆောက်အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါသည်။ လက်ရှိတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံ၍ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ တိုင်းရင်းသားပြည်သူများဆန္ဒနှင့် မျှော်လင့်ချက်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို အလေးထားတည်ဆောက်နေသော်လည်း လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်နှင့်ဆန္ဒများကို ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့ပင်နှောင့်ယှက်ဖျက်ဆီးနေကြသော်လည်း တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် သန္နိဋ္ဌာန်ချမှတ်ထားသည့် စွမ်းအားများဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတွင်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကျင့်သုံးနေသော ဒီမိုကရေစီစနစ်သည် တိုင်းရင်းသားပြည်သူများအားလုံး၏ဆန္ဒမှ ပေါ်ထွန်းလာသော ခွန်အားများဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးအောင် နိုင်ငံတော်တွင် ကြိုးပမ်းဆောင်ရွက်နေသမျှကာလပတ်လုံး ပြည်ထောင်စုကြီးလည်း အဓွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသစ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ဇလွန် နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသစ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။



**ဇာတ်တိုက်လေ့ကျင့်**

သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယ မီးသတ်ဦးစီးမှူးဦးချစ်လွင်ထွေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးကော်မတီဝင်များပူးပေါင်း၍ ဈေးသူဈေးသားများအား မီးငြိမ်းသတ်နည်းကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ယင်းနောက် မီးသတ်ဆေးဘူး အသုံးပြုပုံ၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူး အသုံးပြု၍လည်းကောင်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းများဖြင့် မီးငြိမ်းသတ်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်အတူ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းအောင်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

## ကျုံပျော်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပ

ကျုံပျော် နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြို့နယ်ပြည်သူ့အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမတို့၌ နိုဝင်ဘာ ၆ ရက်က ကျုံပျော်မြို့နယ်၏ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို အခြေခံပညာ ကျောင်းသား အားကစားပွဲတော်အတွက် အရည်အချင်းပြည့်မီသော ထူးချွန်အားကစားသမားများ စေလွှတ်နိုင်ရန် မြို့နယ်အဆင့် ကျင်းပခြင်းဖြစ်ပြီး ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်၊ ဘော်လီဘော၊ ကြက်တောင်နှင့် ဘောလုံးစသည့် ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း ပညာရေးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၂၄၅ | ၂,၁၃၁,၅၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၂,၇၅၂ | ၇,၉၆၆,၂၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၆၅၀ | ၁,၇၀၀ | ၃၉၈ | ၆၄၀,၂၅၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၁ | ၂,၅၅၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၃၄၅ | ၆၉၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၅ | ၂၄,၄၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁ | ၁၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၃) ကျင်းပစဉ်။

❍ ရှေ့ဖုံးမှ

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လတ်တလောဖြစ်ပွားလျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်စဉ်များနှင့် ဆက်စပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြလိုကြောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် လောက်ကိုင်ဒေသ ချင်းရွှေဟော်ကို အဓိကထား၍ MNDAA သောင်းကျန်းသူအဖွဲ့များက တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်သည် သာမန်အားဖြင့် MNDAA မှတိုက်ခိုက်ခြင်းဖြစ်သော်လည်း သမိုင်းအရဆက်စပ်မှုများရှိကြောင်း၊ ၂၀၀၉ ခုနှစ်တွင် လောက်ကိုင်ဒေသ၌ ဖုန်ကြားရှင် ဦးစီးသည့် အထူးဒေသ(၁)ရှိကြောင်း၊ အဆိုပါ ဒေသတွင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချခြင်း၊ လက်နက်ခဲယမ်းများထုတ်လုပ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသဖြင့် တပ်မတော်အနေဖြင့် ဆောင်ရွက်ခြင်းမပြုရန် တားဆီးခဲ့ကြောင်း၊ သို့သော် လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် မိမိကိုယ်တိုင်ဦးစီး၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်သည့် စက်ရုံများ၊ လက်နက်ခဲယမ်းထုတ်လုပ်သည့် စက်ရုံများကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါး မြောက်မြားစွာ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုသို့ တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖုန်ကြားရှင်နှင့်အဖွဲ့သည် အဆိုပါနေရာမှ ဆုတ်ခွာသွားကြောင်း၊ ၎င်းတို့နေရာတွင် ဦးပယ်ဆောက်ချိန် ဦးဆောင်သည့်အဖွဲ့ကို ယာယီအနေဖြင့် တာဝန်ပေးဆောင်ရွက်ခဲ့ပြီး ကိုးကန့်ဒေသပြန်လည်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း။

**ငြိမ်းချမ်းရေးအတွက် အရှည်မြော်တွေး၍ ဆောင်ရွက်ပေးခဲ့သော်လည်း လိုက်နာမှုမရှိ**

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ဆောင်ရွက်ပြီးချိန်တွင် ဦးပယ်ဆောက်ချိန်အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း၊ ဖုန်ကြားရှင်အဖွဲ့အနေဖြင့် ဆုတ်ခွာပြီးနောက်ပိုင်းတွင် အထူးဒေသ(၄) မိုင်းလား၌ သွားရောက်နေထိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ကျန်းမာရေးမကောင်းမှုကြောင့် ၎င်းကို စွဲဆိုထားသည့်အမှုများမှ ကင်းလွတ်ခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးအတွက် အရှည်မြော်တွေး၍ ဆောင်ရွက်ပေးခဲ့သော်လည်း လိုက်နာမှုမရှိဘဲ အခွင့်အရေးရသည်နှင့်အစိုးရကိုဆန့်ကျင်ရန်၊ ကိုးကန့်နယ်မြေအတွင်း အာဏာပြန်လည်တည်ဆောက်ရန်သာ အမြဲဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များတွင်လည်း ဦးဆောင်သူအနေဖြင့် ဖုန်ကြားရှင်၏သား ဖုန်တာရွှင်မှ ဦးဆောင်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

၎င်းအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုများကိုဆောင်ရွက်ပြီး အဆိုပါလုပ်ငန်းမှရရှိသည့် ဝင်ငွေဖြင့် အင်အားတောင့်တင်းရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် NLD အစိုးရမတက်မီအချိန်အထိ မိမိတို့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင်း မူးယစ်ဆေးဝါး တားဆီး ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ၂၀၁၇ ခုနှစ်နောက်ပိုင်းတွင် လောက်ကိုင်ဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ များပြားလာသည့်အပြင် အခြားတရားမဝင်လုပ်ငန်းများလည်း ပါဝင်လာကြောင်း၊ အထူးသဖြင့် လောင်းကစားဝိုင်းကိစ္စများဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်မှုများတွင် တစ်ဖက်နိုင်ငံသားများက လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားချိန် နောက်ပိုင်းတွင် ၎င်းလောင်းကစားဝိုင်းများသည် အွန်လိုင်းလောင်းကစားမှုများ အဖြစ် အသွင်ပြောင်း၍ ဆက်လက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

အဆိုပါအချိန်တွင် ဖုန်ကြားရှင်အဖွဲ့များက လောက်ကိုင်ဒေသအား အထူးဒေသ(၁)အဖြစ် ပြန်လည်အခြေချလည်ပတ်နိုင်ရေး တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့၏ ဩဇာကိုပြန်လည်တည်ဆောက်လိုခြင်း ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသတွင် ဖုန်အုပ်စုနှင့် ရန်အုပ်စုဟူ၍ရှိကြောင်း၊ ၁၉၉၈-၁၉၉၉ ခုနှစ်ဝန်းကျင်ခန့်တွင် ဖုန်/ရန် အရေးအခင်းဖြစ်ပွားခဲ့ကြောင်း၊ ယင်းနောက်ပိုင်း ဖြစ်ပွားခဲ့သည့် ဖုန်/ရန် အရေးအခင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရန်မိုးလျံအုပ်စုကို ပြည်တွင်းဒေသအချို့တွင် နေရာချထားပေးခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်နောက်ပိုင်း ဦးပယ်ဆောက်ချိန်အုပ်စုအား တာဝန်ပေးအပ်ခဲ့ခြင်းအပေါ် ၎င်းတို့အနေဖြင့် ကျေနပ်မှုမရှိခဲ့ကြောင်း၊ ထို့ကြောင့် တိုက်ခိုက်မှုများ လုပ်ဆောင်ရန်အတွက် ၎င်းတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း။

အဓိကအားဖြင့် မူဆယ်နှင့် ချင်းရွှေဟော်ဒေသသည် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကထားဆောင်ရွက်သည့် နေရာဒေသဖြစ်ကြောင်း၊ လောက်ကိုင်မြို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့ဖြစ်ကြောင်း၊ MNDAA အဖွဲ့အနေဖြင့် ၎င်းတို့၏ဩဇာအာဏာကို ပြန်လည်တည်ဆောက်ရန်အတွက် ယခုကဲ့သို့ တိုက်ခိုက်မှုများကို လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်ကို သိရှိရကြောင်း၊ MNDAA အဖွဲ့အနေဖြင့် တိုက်ခိုက်မှုများလုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေး ၎င်းတို့၏ မဟာမိတ်ပြုထားသော အဖွဲ့များနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြောင်း၊ **ထိုကဲ့သို့ တိုက်ခိုက်မှုလုပ်ဆောင်ရန် ပြင်ဆင်နေခြင်းကို MNDAA အဖွဲ့၏ မဟာမိတ်များနှင့် ယင်းတို့၏မိတ်ဆွေများ အားလုံးသိရှိကြ**ကြောင်း၊ မိမိအနေဖြင့် NCA လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ထားပြီး တပ်မတော်အနေဖြင့် NCA လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံတော်တာဝန်များ ထမ်းဆောင်ချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူမှုများကို ဖြေရှင်းဆောင်ရွက်နေရခြင်းကြောင့် လောက်ကိုင်ဒေသကို အာရုံစိုက်မှုနည်းပါးခဲ့**ကြောင်း၊ MNDAA သောင်းကျန်းသူများအနေဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုမှရရှိသည့် အကျိုးအမြတ်များကိုခံစားလိုပြီး ၎င်းတို့၏အာဏာကို တည်ဆောက်လိုခြင်းကြောင့် ယခုဖြစ်စဉ်များဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ လောက်ကိုင်ဒေသနှင့် ပတ်ဝန်းကျင်မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ကြီးမားသည့် မူးယစ်ဆေးဝါးဖြစ်စဉ် ၁၈ ခုရှိပြီး ဖမ်းဆီးရမိမှုအနေဖြင့် ၈၂ ကြိမ်၊ တရားခံပေါင်း ၁၄၀ ဦး၊ ကာလတန်ဖိုးငွေ ၇၁ ဒသမ ၅၉ ဘီလီယံဖိုး ဖမ်းဆီးရမိခဲ့ကြောင်း၊အဆိုပါမူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်များကို သိရှိခြင်းကြောင့် MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသကို ပြန်လည်ရရှိအောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

**တစ်ဖက်နိုင်ငံသားများ ပိုင်ဆိုင်သည့် ဟိုတယ်လုပ်ငန်းများဖြစ်**

၂၀၂၂ ခုနှစ်အတွင်း ၎င်းဒေသ၌ အွန်လိုင်းငွေကြေး လိမ်လည်မှုများ များပြားလာခဲ့ကြောင်း၊ အဆိုပါအွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသူများမှာ တစ်ဖက်နိုင်ငံသားများ ပိုင်ဆိုင်သည့် ဟိုတယ်လုပ်ငန်းများဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ လောက်ကိုင်နှင့် ချင်းရွှေဟော်ဒေသတွင် ဟိုတယ် ၁၅၃ ခုရှိကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ ခွင့်ပြုချက်ဖြင့်ဆောက်လုပ်ထားသော ဟိုတယ် ၁၂ လုံးသာရှိပြီး ကျန်ဟိုတယ် ၁၄၁ ခုမှာ လောက်ကိုင်ဒေသ အုပ်ချုပ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ၎င်းဟိုတယ်အများစုမှာ တစ်ဖက်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံ ဆောက်လုပ်ထားသည့် ဟိုတယ်များဖြစ်သည်ကို တွေ့ရကြောင်း၊ အများစုမှာ ၂၀၁၈ ခုနှစ် နောက်ပိုင်း၌ တည်ဆောက်ခဲ့ပြီး အဆင့်မြင့် ၁၂ ထပ်၊ ၁၃ ထပ်အဆောက်အဦများကိုပင် တစ်နှစ်အတွင်း အပြီးတည်ဆောက်ခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါ ဟိုတယ်များ၌ အွန်လိုင်း ငွေကြေးလိမ်လည်မှုများနှင့် အခြား တရားမဝင်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဆိုပါ ဟိုတယ်များအား စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်သည့် အချိန်တွင် တရုတ်နိုင်ငံသား ၇၃၉၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၈၉ ဦး၊ ထိုင်းနိုင်ငံသား ၁၆၂ ဦး၊ မလေးရှားနိုင်ငံသား ၃၂ ဦးနှင့် လာအိုနိုင်ငံသား ၂ ဦး စုစုပေါင်း ၇၇၈၀ ဦး ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဖမ်းဆီးရမိသူများထဲမှ တရုတ်နိုင်ငံသား ၆၈၉၂ ဦးအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ကျန်ရှိသူများကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဒေသအတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်ခြင်းများမရှိစေရေး တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးနှင့် ဆွေးနွေးသဘောတူချက်အတိုင်း နှစ်နိုင်ငံ Task Force ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ❍

☆ **အဓိကအားဖြင့် မူဆယ်နှင့်ချင်းရွှေဟော်ဒေသသည် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကထား ဆောင်ရွက်သည့် နေရာဒေသဖြစ်**

☆ **လောက်ကိုင်မြို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့ဖြစ်ကြောင်း၊ MNDAA အဖွဲ့အနေဖြင့် ၎င်းတို့၏ဩဇာအာဏာကို ပြန်လည်တည်ဆောက်ရန်အတွက် ယခုကဲ့သို့ တိုက်ခိုက်မှုများကို လုပ်ဆောင်လာခြင်းဖြစ်**

☆ **၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်ကို သိရှိရ၊ MNDAA အဖွဲ့အနေဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေး ၎င်းတို့၏ မဟာမိတ်ပြုထားသော အဖွဲ့များနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့**

# အချုပ်အခြာအာဏာတည့်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မထိခိုက်စေရေးအတွက် ပြည်သူလူထုနှင့်ပူးပေါင်း၍ လိုအပ်သည့် လက်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်

❍ စာမျက်နှာ ၃ မှ

MNDAA အနေဖြင့် “၀” နယ်မြေအတွင်း၌ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ပြီး အဓိကအင်အားများကို အောက်တိုဘာ ၂၇ ရက်တွင် နမ့်တစ်တံတားမှ ချင်းရွှေဟော်သို့ ဖြတ်ဝင်၍ တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါမနက်ပိုင်းတွင် နမ့်တစ်ချောင်းအား ဖြတ်ကူး၍ ချင်းရွှေဟော်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသနှင့် ချင်းရွှေဟော်ဒေသရှိ လုံခြုံရေးစခန်းများမှာ စစ်ဆင်ရေးစခန်းများမဟုတ်ဘဲ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စခန်းများသာဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် Drone များ အသုံးပြု၍ Drop Bomb များ အများအပြားအသုံးပြု တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် MNDAA နှင့်အတူ KIA ၊ TNLA ၊ AA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ပါဝင်ခဲ့သည်ကို တွေ့ရကြောင်း၊အဓိကအနေဖြင့် MNDAA နှင့် TNLA အဖွဲ့မှ ဖြစ်ကြောင်း။

၎င်းတို့အနေဖြင့် တစ်ဖက်မှ ချင်းရွှေဟော်အားတိုက်ခိုက်ပြီး တစ်ပြိုင်တည်းတွင် ကွမ်းလုံကို စိမ့်ဝင်လာသည့် အဖွဲ့များဖြင့် ထိုးဖောက်တိုက်ခိုက်ခဲ့ကြောင်း၊ TNLA ကလည်း သိန္နီကို ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်နိုင်အောင် တိုက်ခိုက်ခဲ့ကြောင်း၊ လားရှိုးမြို့ကိုလည်း နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ နောင်ချိုအနီး မန္တလေး-လားရှိုး ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်အောင် ပိတ်ဆို့တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ MNDAA မှတိုက်ခိုက်လျက်ရှိချိန်တွင် KIA အနေဖြင့် ကချင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ စခန်းငယ်တစ်ခုကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တုံ့ပြန်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ MNDAA အဖွဲ့ အနေဖြင့်လည်း ထိခိုက်ကျဆုံးမှုများစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သော ပြန်လည်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆွေးနွေးတင်ပြစဉ်။


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးတင်ပြစဉ်။


ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရှင်းလင်းတင်ပြစဉ်။

## ဖြေရှင်းဆောင်ရွက်လျက်ရှိ

မူဆယ်နှင့် ချင်းရွှေဟော်ဒေသသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသည့် လမ်းကြောင်းဖြစ်သည်ကို MNDAA အနေဖြင့် သိရှိပြီးဖြစ်ကြောင်း၊ လာမည့်နိုဝင်ဘာ ၁၁ ရက်တွင် တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ခဲ့သော ကွမ်းလုံတံတားသစ်ဖွင့်လှစ်ရန်အတွက် စီစဉ်ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေနှင့် အချိန်အခါ၌ MNDAA က ၎င်းဒေသကို တိုက်ခိုက်လာသည်မှာ များစွာသတိပြုသင့်သောအချက်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း၊ ဖြစ်စဉ်တွင် မိမိတို့နိုင်ငံမှ ကျည်ဆန်များ တရုတ်နိုင်ငံအတွင်း ကျရောက်သည်ဟု ပြောဆိုမှုများကြောင့် နှစ်ဖက်တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသဖြစ်သဖြင့် စစ်ဆင်ရေးဆောင်ရွက်ရာတွင် အထူးပင်ကန့်သတ်ထိန်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ သို့သော် တစ်ဖက်အဖွဲ့အစည်းများအနေဖြင့် လက်လွတ်စပယ်လုပ်ဆောင်ခဲ့မှုနှင့် နှစ်နိုင်ငံအထင်အမြင်လွဲအောင် လုပ်ဆောင်နေမှုများရှိကြောင်း၊ သာမန်အရပ်သူ၊ အရပ်သားများ ထိခိုက်အောင် လုပ်ဆောင်နေမှုများရှိကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် ဖြစ်စဉ်များဖြစ်ပွားနေချိန်အတွင်း ပွဲလန့်တုန်းဖျာခင်းသည့် အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့နေရာများတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်မှုများ လုပ်ဆောင်လာကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများနှင့် အတူ KIA နှင့် AA အဖွဲ့တို့လည်းပါဝင်သည်ကိုတွေ့ရကြောင်း၊ တွေ့ရှိရသည့် အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးတင်ပြခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ဒေသဖြစ်စဉ်များတွင် MNDAA အဖွဲ့အနေဖြင့် Drone များကို အဓိကထားအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ Drone များမှာ တရုတ်နိုင်ငံထုတ်ကုန်ထုတ်လုပ်ငန်းသုံး Drone များဖြစ်ပြီး ဈေးကွက်တွင်လွယ်ကူစွာဝယ်ယူ၍ရနေကြောင်း၊ ဒေသခံများအနေဖြင့် ယခုဖြစ်စဉ်များ၌ ပါဝင်လိုသည့်စိတ်မရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် အတင်းအဓမ္မ အင်အားစုဆောင်းခြင်းများကြောင့် ပါဝင်ခဲ့ရသူများရှိကြောင်း၊ ပြည်သူ့စစ်အများစုအနေဖြင့် တပ်မတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေကြောင်း၊ ယခုဖြစ်စဉ်များဖြစ်ပွားချိန်တွင် နယ်မြေခံပြည်သူလူထုအနေဖြင့် MNDAA အဖွဲ့သတင်းအား တပ်မတော်ထံပေးပို့မှုများရှိပြီး ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်မှုများကို ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသတွင် အာဏာပြန်လည်တည်ဆောက်နိုင်ရေး၊ TNLA အဖွဲ့အနေဖြင့် ပလောင်ပြည်နယ်ရရှိရေး၊ ကိုးကန့်အနေဖြင့် ကိုးကန့်ပြည်နယ် ရရှိရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် လွန်ခဲ့သည့်ရက်များမှစ၍ တပ်မတော်၏ လိုအပ်ချက်များကို ပါဝင်ကူညီပေးမှုများရှိကြောင်း၊ ရန်ကုန်၊ မန္တလေး၊ တိုင်းစစ်ဌာနချုပ်များနှင့် ပြည်နယ်အစိုးရများရှိသည့် မြို့နယ်များတွင် ပြည်သူများမှ အလှူငွေများပေးအပ်လှူဒါန်းခြင်းနှင့် ရှေ့တန်းရောက် တပ်မတော်သားများအတွက် ပစ္စည်းများ လှူဒါန်းခြင်းများကို ဆောင်ရွက်ပေးကြကြောင်း၊ အဆိုပါ လှူဒါန်းထားသည့် ပစ္စည်းများအား ရှေ့တန်းရောက် တပ်မတော်သားများထံ ရောက်ရှိရေး ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ပြင်ပမှ ပရဟိတအဖွဲ့များမှလည်း ချက်ပြုတ်၍ ရှေ့တန်းရောက် တပ်မတော်သားများထံ ပေးပို့နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချုပ်အခြာအာဏာ တည့်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များမထိခိုက်စေရေးအတွက် ပြည်သူလူထုနှင့် ပူးပေါင်း၍ လိုအပ်သည့် လက်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုက်ပွဲရှောင်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးအပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများ၏အခြေအနေ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများစုပေါင်း၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အထူးဖိတ်ကြားထားသူများက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေတို့တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက တပ်စခန်းငယ်များ၊ ရဲစခန်းများ၊ မီးသတ်စခန်းများကို တိုက်ခိုက်ခဲ့မှု၊ အစိုးရအဆောက်အဦနှင့် လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း လုပ်ဆောင်ခဲ့မှု၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ အချို့မြို့နယ်များတွင် NUG လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကျေးရွာများတွင် ဆက်ကြေးကောက်ခံခြင်းနှင့် ပြည်သူလူထုအား ရက်စက်စွာ သတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့မှု၊ အကြမ်းဖက် သောင်းကျန်းသူများကို ပြည်သူနှင့်တပ်မတော် ပူးပေါင်း၍ ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်သွားရေး၊ တရားဥပဒေစိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်

စာမျက်နှာ ၅ သို့ ❍

☆ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်စဉ်များ ဖြစ်ပွားနေချိန်အတွင်း ပွဲလန့်တုန်း ဖျာခင်းသည့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့နေရာများတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်မှုများ လုပ်ဆောင်လာ

☆ ထိုသို့လုပ်ဆောင်ရာတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများနှင့် အတူ KIA နှင့် AA အဖွဲ့တို့လည်း ပါဝင်သည်ကို တွေ့ရ

☆ တွေ့ရှိရသည့် အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီသို့ အသိပေးတင်ပြခြင်းဖြစ်

❍ စာမျက်နှာ ၄ မှ

အေးချမ်းရေး အမြန်ဆုံးပြန်လည်ရရှိအောင် ဆောင်ရွက်ရေးနှင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ပေးနေမှုကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

တင်ပြမှုများနှင့် စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည် ရှင်းလင်းဆွေးနွေးရာတွင် အဓိကကျသည့် အချက် ၂ ချက်ကို ဦးစွာထောက်ပြလိုကြောင်း၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေး ဖြစ်ကြောင်း၊ ယနေ့ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားနေသည့်ပြဿနာ၏အစမှာ မူးယစ်ဆေးဝါးပြဿနာပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးမှရရှိသောငွေများဖြင့် အာဏာရရှိရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့်အသက်ဆက်ခဲ့ကြောင်း၊ ၎င်းလမ်းစဉ်ဖြင့် မူးယစ်ဆေးထုတ်လုပ်၊ သယ်ဆောင်ရောင်းချမှုကို ကာကွယ်ခဲ့ကြောင်း၊ လောင်းကစားကဲ့သို့ တရားမဝင် လုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြဿနာ၏ အရင်းအမြစ်ဖြစ်သည့် မူးယစ်ဆေးဝါးအမြစ်ပြတ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ရဲတပ်ဖွဲ့နှင့် လက်နက်ကိုင်ရဲတပ်ဖွဲ့ဟူ၍ နှစ်မျိုးရှိကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော်လည်း မိမိတို့နိုင်ငံ၏သမိုင်းကြောင်းအရ ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ယခုထက်စွမ်းရည်တိုးတက်မြင့်မားရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချင်းရွှေဟော်ဒေသမှ တိမ်းရှောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအား ပြန်လည်ခေါ်ဆောင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှင်းလင်းတင်ပြစဉ်။



ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးမြင့်ဆွေ ရှင်းလင်းတင်ပြစဉ်။

**စနစ်တကျကိုင်တွယ်သွားရန်လို**

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေက လက်ရှိဖြစ်ပွားနေသည့် နယ်စပ်ဒေသသောင်းကျန်းသူများ အရေးကိစ္စနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ယခုကဲ့သို့ စွမ်းစွမ်းတမံ မဆောင်ရွက်ပါကတိုင်းပြည်အစိတ်စိတ်အမြွှာမြွှာ ကွဲသွားနိုင်ကြောင်း၊ ယခုကိစ္စသည် သေသေချာချာ စနစ်တကျ ကိုင်တွယ်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ တိုင်းပြည်အတွက် အရေးကြီးသည့်ကာလတွင် တစ်နိုင်ငံလုံးက တပ်မတော်ကို ထောက်ခံအကူအညီပေးရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် အသက်စွန့်တာဝန်ထမ်းဆောင်ကာကွယ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ အတိုင်းအတာတစ်ခုအထိ တည်ငြိမ်မှုရရှိနေခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးတင်ပြချက်များကို မှတ်တမ်းတင်ပါကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူကျန်းမြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့အင်တာနက်ညီလာခံ(ဝူကျန်းထိပ်သီးအစည်းအဝေး)တွင် အမှာစကား ပြောကြား

**ဝူကျန်း နိုဝင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူကျန်းမြို့ convention center တွင် ကျင်းပသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ(ဝူကျန်းထိပ်သီးအစည်းအဝေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မျက်နှာစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားသည်။

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က video message ပေးပို့ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဝန်ကြီးအဆင့်ပုဂ္ဂိုလ်များ၊ သံတမန်များ၊ သတင်းအချက်အလက်နှင့် နည်းပညာနယ်ပယ်မှ ပညာရှင်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။




**မီးမောင်းထိုးပြနေ**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ဝူကျန်းထိပ်သီးအစည်းအဝေးကို "အားလုံးအတွက် အကျိုးရှိပြီး ခံနိုင်ရည်ရှိသော ဒစ်ဂျစ်တယ်ကမ္ဘာတစ်ခု ဖန်တီးခြင်း၊ ဆိုက်ဘာဝန်းကျင်တွင် အတူတကွ မျှဝေခံစားသည့် လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်ခြင်း" ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိကြောင်း၊ ယင်းဦးတည်ချက်သည် ယနေ့ ဆိုက်ဘာနည်းပညာများ၏ တိုးတက်မှုနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည့် ခေတ်သစ်ကမ္ဘာကြီးနှင့် ဆိုက်ဘာဝန်းကျင်တစ်ခုလုံးကို အတူတကွပူးပေါင်းလုပ်ဆောင်ကြရန် မီးမောင်းထိုးပြနေသည်ဟု ထင်မြင်မိပါကြောင်း။

ယခုညီလာခံကြီးကို ကျယ်ပြန့်သည့်အကြောင်းအရာစုံနှင့် ဖိုရမ်ခွဲပေါင်း ၂၀ ကို ကျင်းပသည့်အတွက် ဒစ်ဂျစ်တယ်ကမ္ဘာ တည်ဆောက်ရေးလုပ်ငန်းများအပေါ် အတွေးအမြင်စုံ၊ ရှုထောင့်စုံမှ အကြံပြုဆွေးနွေးကြရင်း ကောင်းမွန်သည့်အဖြေများ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အားလုံးအတွက် အကျိုးရှိသော ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် ဒစ်ဂျစ်တယ်ကမ္ဘာတစ်ခု ဖန်တီးဖော်ဆောင်ရာတွင် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်မည်ဖြစ်သကဲ့သို့ လူ့အဖွဲ့အစည်းများ၏ ချမ်းသာသုခနှင့် တိုးတက်မှုများကို ဖော်ဆောင်ရာတွင်လည်း လိုအပ်ချက်များစွာ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်ကမ္ဘာသစ်ကို ဖန်တီးရယူရာတွင် ဆောင်ရွက်ရမည့် အခြေခံသဘောတရားများနှင့် မဟာဗျူဟာတချို့ကို မိမိအနေဖြင့် ကောက်နုတ်ဆွေးနွေးတင်ပြလိုပါကြောင်း၊ အထူးသဖြင့် ဒစ်ဂျစ်တယ်ကမ္ဘာကို လူတိုင်းဝင်ရောက်ခွင့်(Access) အာမခံနိုင်ရမည်ဖြစ်ပြီး ဒစ်ဂျစ်တယ်သိနားလည်မှု (Digital Literacy)ကို တိုးမြှင့်ရေးနှင့် မသန်စွမ်းသူများ အသုံးပြုနိုင်မည့် နည်းပညာများကိုလည်း ဖန်တီးပေးကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဒစ်ဂျစ်တယ်ကမ္ဘာတွင် ပါဝင်လာမည့် လူတစ်ဦးချင်းစီတိုင်းအတွက် ဒစ်ဂျစ်တယ်ခြိမ်းခြောက်မှု(Digital Threats)များမှ အကာအကွယ်ပေးနိုင်မည့် ခိုင်မာအားကောင်းသော ဆိုက်ဘာလုံခြုံရေးအစီအမံများကိုလည်း ဦးစားပေးလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဆိုက်ဘာတိုက်ခိုက်မှုများ၊ သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်သည့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများကိုလည်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေမည့် နည်းပညာများနှင့် အသုံးအဆောင်ပစ္စည်းများကို ဖန်တီးခြင်း၊ စွမ်းအင်ချွေတာသည့် Hardware များ တီထွင်ဖန်တီးခြင်းနှင့် အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်း e-waste များကို စနစ်တကျ စွန့်ပစ်ရေးအတွက် တာဝန်ခံမှုရှိခြင်း စသည့် အချက်များကို အားပေးမြှင့်တင်ပေးရန်လိုကြောင်း၊ အနာဂတ်ကို အတူတကွ မျှဝေခံစားကြရာတွင် မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများအပြင် အပြန်အလှန်အသိအမှတ်ပြုခြင်းနှင့် လေးစားခြင်းတို့ကိုလည်း တန်ဖိုးထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**အတူတကွမျှဝေခံစား**

နိုင်ငံတစ်နိုင်ငံ၏ သတင်းအချက်အလက်များ (Data) အကာအကွယ်ပေးရေးနှင့် နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက်စီးဆင်းမှုများ စနစ်တကျရှိစေရေးအတွက် သတင်းအချက်အလက်များကို တာဝန်ရှိစွာ အသုံးပြုမှု (responsible use of data) များကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ဖိုရမ်ခွဲများမှတစ်ဆင့် မိမိတို့အားလုံး အတူတကွမျှဝေခံစားကြမည့် ဆိုက်ဘာဝန်းကျင် အနာဂတ်အတွက် အခြေခံကောင်းများနှင့် ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ ချမှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဝူကျန်းထိပ်သီးအစည်းအဝေးသည် World Internet Conference(WIC)၏ (၁၀) နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖြစ်ပြီး တရုတ်နိုင်ငံ ယန်ဇီမြစ်၏ တောင်ဘက်တွင် တည်ရှိသော လှပသည့် ရှေးဟောင်းမြို့ ဝူကျန်းမြို့တွင် ၂၀၁၄ ခုနှစ်မှစ၍ ကျင်းပလေ့ရှိသည်။ ယခုအစည်းအဝေးသို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ အင်တာနက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ အကြံဉာဏ်များ၊ အတွေ့အကြုံများကို မျှဝေဆွေးနွေးလျက်ရှိသည်။

**သတင်းစဉ်**

# မြန်မာ့နိုင်ငံရေးပါတီများနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

မောင်ရွှေရိုး

> ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နိုးကြားလာရာမှ နိုင်ငံရေးပါတီများ စတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)ပေါ်ပေါက်ခဲ့ပြီး ဘာသာရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှတစ်ဆင့် နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ခဲ့ရာ "နိုင်ငံရေးအစ ဝိုင်အမ်ဘီအေ"ကဟု ဆိုစမှတ်ပြုခဲ့ကြ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြားပေါ်ပေါက်ခဲ့

နိုင်ငံရေးပါတီများသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားသော နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သည်။ နိုင်ငံရေးပါတီများတွင် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးဆောင်ရွက်မည့် နိုင်ငံရေးပါတီဟူ၍ရှိပါသည်။ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်၊ ပါတီဝင်အင်အားဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်း၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းများ၊ ပါတီဌာနချုပ်နှင့် ပါတီရုံးခန်းများစသည်ဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ဆောက်ကြရပါသည်။ တစ်နည်းအားဖြင့် နိုင်ငံရေးပါတီဆိုသည်မှာ ပြည်သူလူထုအတွင်း စည်းရုံးဆောင်ရွက်ပြီး ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်များအား ပြည်သူလူထု၏ထောက်ခံမဲဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခွင့်ရမည့် အဖွဲ့အစည်းများဖြစ်ပါသည်။

**ပါလီမန်ဒီမိုကရေစီခေတ်နိုင်ငံရေးပါတီများ**

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နိုးကြားလာရာမှ နိုင်ငံရေးပါတီများ စတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ပေါ်ပေါက်ခဲ့ပြီး ဘာသာရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှတစ်ဆင့် နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ခဲ့ရာ "နိုင်ငံရေးအစ ဝိုင်အမ်ဘီအေ" ကဟု ဆိုစမှတ်ပြုခဲ့ကြသည်။

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့်နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြားပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်သော်လည်း နိုင်ငံရေးအင်အားစုများတွင် ဝါဒစွဲ၊ ဂိုဏ်းကွဲ၊ အုပ်စုကွဲများအခြေအနေ၊ တောခိုလက်နက်ကိုင်သောင်းကျန်းမှုအခြေအနေများကြောင့် ၁၉၅၁-၁၉၅၂ ခုနှစ်မှသာ ပထမအကြိမ်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ထိုရွေးကောက်ပွဲတွင် ဖဆပလအနိုင်ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ဖဆပလနှင့် ပမညတ အတိုက်အခံ ညွှန့်ပေါင်းအင်အားစုတို့ အဓိကအားပြိုင်ခဲ့ရာ ဖဆပလသည် အမတ်နေရာအများစုဖြင့် အနိုင်ရခဲ့ပြန်သည်။ လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်တွင် ဖဆပလအစိုးရအတွင်း ပုဂ္ဂိုလ်ရေးနှင့် အာဏာရရေးအခြေခံသည့် သန့်ရှင်းနှင့်တည်မြဲတို့ နိုင်ငံရေးအုပ်စုကွဲဂယက်နှင့် အစိုးရယန္တရားပျက်ယွင်းတော့မည့် အခြေအနေတို့ကြောင့် တပ်မတော်က အိမ်စောင့်အစိုးရဖွဲ့ကာ နိုင်ငံ့တာဝန်ယူခဲ့ရပြီးနောက် ပြန်လည်ကျင်းပပေးခဲ့သည့် ၁၉၆၀ ပြည့်နှစ် တတိယအကြိမ်ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလအနိုင်ရရှိခဲ့သည်။ သန့်ရှင်းဖဆပလတို့က ပြည်ထောင်စုပါတီအမည်ပြောင်း၍ အစိုးရအာဏာရယူပြီး မကြာမီမှာပင် နိုင်ငံရေးအာဏာလုပွဲအကွဲအပြဲဖြစ်ရပ်များ၊ ဖက်ဒရယ်ပြဿနာနှင့် ပြည်ထောင်စုမှခွဲထွက်ရေး ကြိုးပမ်းလာမှုများကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်က တော်လှန်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီပထမခေတ်ကာလတွင် လွတ်လပ်ရေးနှင့်အတူ ပါလာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ တရုတ်ဖြူ ပြည်ပကျူးကျော်မှု၊ နိုင်ငံရေးအုပ်စုကွဲ၊ ဂိုဏ်းကွဲများနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားမှု၊ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲမှုနှင့် ပြည်ထောင်စုမှခွဲထွက်ရေး ကြိုးပမ်းမှုအနိဋ္ဌာရုံတို့ဖြင့် ဖြတ်သန်းခဲ့ရပြီးနောက် ၁၉၆၂ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီပထမခေတ် တစ်ခန်းရပ်ခဲ့ရလေသည်။

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ**

၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြုတေပါတီအဖြစ် ဖွဲ့စည်းခဲ့သည်။ ၁၉၇၁ ခုနှစ် ပါတီညီလာခံတွင် ပြည်သူ့ပါတီအဖြစ် ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စီးပွားရေးမူဝါဒများ ယိုယွင်းလာမှုကို အကြောင်းပြု၍ ၁၉၈၈ ခုနှစ်တွင် အရေးအခင်းများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီခေတ်မှသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တစ်ပါတီဆိုရှယ်လစ်စနစ်ဖြင့် ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ် ကြာမြင့်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကြိုးစားတည်ဆောက်ရင်း ကွန်မြူနစ်တို့၏ အန္တရာယ်များကို တွန်းလှန်ဖယ်ရှားခဲ့ရသည်။ အလံနီကွန်မြူနစ်၊ အလံဖြူ(ဗကပ) ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်(ရဲဘော်ဖြူ)နှင့် ယင်းတို့၏ပါတီကွဲ၊ အုပ်စုကွဲ၊ ပုဂ္ဂိုလ်ကွဲများ မြေပေါ်ဆိုရှယ်နီ(ပမညတ) များက ဝိုင်းဝန်းဆန့်ကျင်တိုက်ခိုက်ကြသည်။ ဗကပ UG များအပြင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်တွင်း၊ ပြည်ပ၊ လက်ဝဲ၊ လက်ယာ၊ မြေပေါ် မြေအောက် အနှောင့်အယှက်များကြောင့် လိုရာသို့ မရောက်ဘဲ နိုင်ငံ၏စီးပွားရေး အားနည်းခဲ့ရသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ နိုင်ငံတော်၏ အဘက်ဘက်မှ ပျက်စီးယိုယွင်းနေသောအခြေအနေ၊ တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေ၊ ပြည်ပမှ ဝင်ရောက်စွက်ဖက်လာမှုကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးမည့် အခြေ အနေတို့ကို အချိန်မီထိန်းသိမ်းနိုင်ရန် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရပြီး တစ်ပါတီအုပ်ချုပ်ရေးစနစ် ချုပ်ငြိမ်းသွားခဲ့ရသည်။

**၁၉၈၈ ခုနှစ် နောက်ပိုင်းကာလ နိုင်ငံရေးပါတီများ**

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပေးရမည်ဟု ကြေညာခဲ့ပြီး ဦးဘငွေး အမှူးပြုသော ရွေးကောက်ပွဲကော်မရှင်ကို တာဝန်ပေး၍ နိုင်ငံရေးပါတီများဖွဲ့စည်းခွင့်ပြုခဲ့ရာ နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုသည့် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထိ အချိန် ၅ လအတွင်း နိုင်ငံရေးပါတီပေါင်း ၂၃၉ ပါတီမှတ်ပုံတင်ခဲ့ပါသည်။ ဦးသုဝေ၏ ဒီမိုကရေစီပါတီက ပထမဆုံးမှတ်ပုံတင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ သုံးအုပ်စုပူးပေါင်း၍ အောင်စုတင်) ပါတီက ဒုတိယမှတ်ပုံတင်သည်။ ဒေါက်တာစိန်ဝင်း ခေါင်းဆောင်ပြီး အမျိုးသားဒီမိုကရေစီပါတီကို ဖွဲ့စည်းမှတ်ပုံတင်သည်။ ဒီမိုကရေစီပါတီတွင် ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့က နာယကများဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မှတ်ပုံတင်စအချိန်က ဦးအောင်ကြီးဥက္ကဋ္ဌ၊ ဦးတင်ဦး ဒု-ဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည် အထွေထွေအတွင်းရေးမှူးတို့ဖြစ်သည်။ အတွင်းရေးမှူး အဖွဲ့ဝင် ၃ ဦးမှာ ဗိုလ်မှူးကြီးဟောင်း ကြည်ဟန်၊ ဒုတိယဗိုလ်မှူးကြီးဟောင်း ချစ်နိုင်၊ ဟံသာဝတီ ဦးဝင်းတင်တို့ ဖြစ်သည်။ ဒေါ်မြင့်မြင့်ခင် စည်းရုံးရေးမှူး၊ ဦးလွင် ဘဏ္ဍာရေးမှူး၊ ဦးအောင်လွင် ပြန်ကြားရေးမှူး၊ ဗိုလ်မှူးချုပ်ဟောင်း အောင်ရွှေ စည်းရုံးရေးဌာနမှူး၊ ဦးကြည်မောင် သုတေသနဌာနမှူး၊ ဦးဘရွှေ အုပ်ချုပ်ရေးဌာနမှူးတို့ဖြစ်သည်။ မှတ်ပုံတင်ပေးပြီးသည့် ပါတီများထဲတွင် အချို့ပါတီများမှာ တောတွင်းကွန်မြူနစ်ပါတီ ဗကပ၏ ဒီမိုကရေစီအရေခြုံ ဖွဲ့စည်းခိုင်းထားသောပါတီများ ဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည့် ပြည်သူ့တိုးတက်ရေးပါတီ(ရန်ကုန်)၊ အမြဲစိမ်းလူငယ်များပါတီ(မုံရွာ)၊ မြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးတပ်ပေါင်းစု (မန္တလေး)တို့အား မှတ်ပုံတင်ခွင့် ဖျက်သိမ်းခဲ့သည်။ ဒေါက်တာစိန်ဝင်းနှင့် NLD ပါတီအမတ် အများအပြားတောခို၍ နယ်စပ်တွင် NCGUB ယှဉ်ပြိုင်အစိုးရဖွဲ့စည်းသဖြင့် NLD ပါတီမှ ထိုသူများအား ထုတ်ပယ်ပြီးဖြစ်ကြောင်း ကော်မရှင်သို့ စာဖြင့်တင်ပြခဲ့သည်။ အောင်စုတင် ခေါ် NLD သည်လည်း ဦးအောင်ကြီးအုပ်စုနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ အုပ်စုကွဲခဲ့ကြသည်။ ဦးတင်ဦးက မျိုးချစ်ရဲဘော်များ အဖွဲ့ချုပ်ဝင် တပ်မတော်အရာရှိဟောင်းနှင့်တစ်အုပ်စု၊ ဦးအောင်ကြီးက ဦးကြည်မောင်အပါအဝင် ဗိုလ်မှူးကြီးဟောင်းများ စသည့် ၁၃ ဦးနှင့် တစ်အုပ်စု၊ ဒေါ်အောင်ဆန်းစုကြည်က ရှစ်လေးလုံးကာလ သူ့ကို ဝန်းရံသော လက်ဝဲမျိုးစုံ ဦးကိုယု၊ ရဲဘော်ချမ်းအေး၊ ဟံသာဝတီဦးဝင်းတင်၊ ရှေ့နေ ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်လွင်၊ မောင်သော်က၊ ဦးထွန်းတင်တို့ဖြစ်သည်။ ဦးအောင်ကြီးက ဒေါ်အောင်ဆန်းစုကြည်ကို ကွန်မြူနစ်များဖယ်ရှားရန် တိုက်တွန်းသည်။ ဦးအောင်ကြီးသည် တိုက်တွန်းချက်မအောင်မြင်ဘဲ NLD ပါတီမှ ထွက်ခဲ့ရပြီး ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေစီပါတီကို ထူထောင်သည်။ ထိုစဉ်က ထူထောင်ခဲ့သည့် ၂၃၉ ပါတီထဲမှ စည်းကမ်းနှင့်မညီညွတ်သဖြင့် မှတ်ပုံတင်ခွင့် ငြင်းပယ်ခဲ့သည့်ပါတီ ၄ ပါတီ၊ ပါတီတွင်း မရပ်တည်နိုင်သည့်အခြေအနေများအရ ပါတီမှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသဖြင့် ယင်းတို့၏ဆန္ဒအရ ဖျက်သိမ်းခဲ့ရသည့် ပါတီ ၁၀၂ ပါတီရှိခဲ့သည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအရနိုင်ငံတော်အားလက်နက်စွဲကိုင်တိုက်ခိုက်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ၏ မြေပေါ်မြေအောက် အဖွဲ့အစည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့်ပါတီ ၃ ပါတီကို ဖျက်သိမ်းခဲ့ရသည်။ ရွေးကောက်ပွဲတွင် အနည်းဆုံးမဲဆန္ဒနယ် ၃ နယ်မှာပင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့် ပါတီ ၃၇ ပါတီကိုလည်း ပယ်ဖျက်ခဲ့ရသည်။ ရွေးကောက်ပွဲမကျင်းပမီမှာပင် ပါတီ ၁၄၂ ပါတီကို ဖျက်သိမ်းခဲ့ရပြီး ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၉၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် ပါတီဖျက်သိမ်းပေးရန် ဆန္ဒအလျောက်တင်ပြလာသည့် ပါတီ ၁၅ ပါတီ၊ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ပါတီ ၅ ပါတီ၊ ပါတီလှုပ်ရှားမှုနှင့် အလုပ်အမှုဆောင်အဖွဲ့မရှိတော့သည့် ပါတီ ၇ ပါတီ၊ နိုင်ငံရေးပါတီ အင်္ဂါရပ်နှင့် မညီညွတ်တော့သည့် ပါတီ ၅၆ ပါတီတို့ကိုလည်း ကော်မရှင်က ဥပဒေနှင့်အညီ ဖျက်သိမ်းခဲ့ရသဖြင့် မူလကမှတ်ပုံတင်ခဲ့သည့် ပါတီပေါင်း ၂၃၅ ပါတီတွင် တရားဝင်ရပ်တည်နိုင်သည့် ပါတီ ၁၀ ပါတီသာကျန်ရှိပြီး ယင်းတို့အနက် ၅ ပါတီသာ ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် မှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခဲ့သည်။ ထိုအချိန်က ပါတီမှတ်ပုံတင်ကြေး ၅၀၀ ကျပ် ပေးသွင်းကာ ပါတီအမည်၊ အမှုဆောင်အဖွဲ့တစ်ဖွဲ့ရှိလျှင် လွယ်လွယ်မှတ်ပုံတင်နိုင်သည်ဟု ပြောစမှတ်ပြုခဲ့သည်။ ပါတီမူဝါဒ၊ လမ်းစဉ်၊ အင်အား လောက်လောက်လားလား ပီပီပြင်ပြင်မရှိဘဲ လူဆယ်ယောက် ငွေငါးရာရှိလျှင် ပါတီတစ်ခုဖွဲ့နိုင်သလို ဖြစ်ခဲ့သည်။

**၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ**

၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၉၃ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရပါတီအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရတာဝန်လွှဲအပ်နိုင်ရေးအတွက် လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် အမတ်နေရာအများဆုံးရရှိခဲ့သည့် NLD ပါတီနှင့် ယင်းပါတီအမတ်များက အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာသွားခဲ့သဖြင့် ပါတီစုံခေတ် ပြန်လည်ရှင်သန်စေမည့်လမ်းကြောင်းဖြစ်သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲရလဒ်သည်လည်း ပျက်ပြယ်သွားခဲ့ရပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၂ ခုနှစ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ ၇ ချက်ကို ချမှတ်၍ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သည်။ အမျိုးသားညီလာခံမှ ပေါ်ထွက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) မူကြမ်းကို ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ကျင်းပသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံဆန္ဒမဲ ၉၂.၄ ရာခိုင်နှုန်းဖြင့် အတည်ပြုနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို အသစ်ပြဋ္ဌာန်းပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းအတွက် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပေးခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးစနစ်မှ ပြည်သူကရွေးကောက်တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရန်အတွက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးနှင့် အေးချမ်းသာယာရေးလုပ်ငန်းများကို ပြီးပြည့်စုံအောင်ဆောင်ရွက်ပြီး ပြည်သူတို့ လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ် ဒုတိယခေတ်ကာလကို ပြန်လည်လမ်းခင်းပေး၍ အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းပေးခဲ့ပါသည်။

**ပါတီစုံဒီမိုကရေစီခေတ် နိုင်ငံရေးပါတီများ**

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၂၉၈၇ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၆ ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၅ နေရာတွင် ၂၅၉ နေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ နေရာတွင် ၁၂၉ နေရာ အနိုင်ရရှိခဲ့ပြီး လွှတ်တော် ၂ ရပ်ပေါင်း ၄၉၃ နေရာအနက် ၃၈၈ နေရာရရှိခဲ့သည်။ ပထမအကြိမ် လွှတ်တော်သက်တမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဦးဆောင်ကာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံရေးပါတီအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ခဲ့ပြီး ဇွန်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိကာ ပါတီဥက္ကဋ္ဌ ဦးသိန်းစိန်နှင့် ပါတီဗဟိုအလုပ်အမှုဆောင် ၂၇ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအစိုးရသည် တပ်မတော်အစိုးရက လမ်းခင်းပေးခဲ့သော ပါတီစုံဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းများကို ဖော်ဆောင်ရင်း လူ့အခွင့်အရေး၊ တန်းတူညီမျှရေး၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအခွင့်အရေး၊ ဖက်ဒရယ်အရေး၊ လူသားချင်းစာနာထောက်ထားရေး စသည်တို့ကို အကြောင်းပြ၍ နိုင်ငံတကာအဖွဲ့အစည်းမျိုးစုံနှင့် အနောက်အုပ်စုများ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်ဆောင်ရွက်ခဲ့ပြီး အကြံပြုချက်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးအစီအစဉ်များဖြင့် အသွင်ကူးပြောင်းရေးဆွေးနွေးကြရင်းနှင့်အချိန်ကုန်ဆုံးခဲ့ရပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်များ လျော့နည်းကာ မိတ္ထီလာကိစ္စ၊ ရခိုင်အရေးအခင်း၊ လက်ပံတောင်းတောင်ဆန္ဒပြပွဲများ စသည့် လူမျိုးရေး၊ ဘာသာရေး၊ ဒေသတွင်းပဋိပက္ခများ စတင်ဖြစ်ပွားလာခဲ့ရသည်။ မြစ်ဆုံစီမံကိန်းလည်း ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိဘဲ ရပ်နားခဲ့ရသည်။ အစိုးရအဖွဲ့အတွင်း ပြုပြင်ပြောင်းလဲရေးသမား၊ မူဟောင်းထိန်းသမား၊ ကြားနေသူများဟု အုပ်စု ၃ စုကွဲခဲ့ကြောင်း ဝန်ကြီး ဦးအောင်မင်းမှ ပြုပြင်ပြောင်းလဲရေးသမား ၁၀ ရာခိုင်နှုန်း၊ မူဟောင်းထိန်းသမား ၄၅ ရာခိုင်နှုန်း၊ ကြားနေသူ ၄၅ ရာခိုင်နှုန်း ပါဝင်ကြောင်း သုံးသပ်မှုများအား ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာအီးဂရက်စ်ကဲ့သို့သော အဖွဲ့အစည်းများကို အကြံပေးအဖြစ် လက်ခံခဲ့ပြီးနောက် အစိုးရအဖွဲ့အတွင်း အပျော့ဂိုဏ်းနှင့် အမာဂိုဏ်း ပြဿနာဖြစ်ခဲ့ရသည်။

ထို့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့အား ပိုင်းခြားကျင့်သုံးဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးအဖွဲ့အစိုးရနှင့် ဥပဒေပြုလွှတ်တော်များကြား သဘောထားကွဲလွဲကာ ပါတီထိပ်ပိုင်းခေါင်းဆောင်များအကြား အုပ်စုဖွဲ့အားပြိုင်မှုများ ဖြစ်ပွားခဲ့သည်။ နိုင်ငံတော်သမ္မတက ကန့်ကွက်နေသည့်ကြားမှ ဥပဒေပြုလွှတ်တော်များမှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ထုတ်ပေးရန် ဆုံးဖြတ်ဆောင်ရွက်ခြင်း၊ လွှတ်တော်အမတ်များ၏လစာကို တစ်ဆယ်သိန်းကျပ်အထိ တိုးမြှင့်ပြီး နေ့စဉ်ထောက်ပံ့ကြေး တစ်သောင်းကျပ်ရရှိရန် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်သမ္မတက သဘောမတူသဖြင့် လက်မှတ်ရေးထိုးခြင်းမရှိသော ဥပဒေများပြဋ္ဌာန်းခြင်း၊ ပြည်သူလူထုအကျိုး၊ နိုင်ငံတော်၏အကျိုးစီးပွားမပါဝင်သည့် ပြည်ထောင်စုအဆင့် အငြင်းပွားခြင်းကိစ္စများ၊ ဆောင်းပါးရှင် ဒေါက်တာ ဆိတ်ဖွားရှာပုံတော်ကိစ္စရပ်များ ဖြစ်ပွားခဲ့ရသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအမတ်များသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရ၏ မူဝါဒများကိုဝေဖန်ရာတွင် အတိုက်အခံပါတီမှ အမတ်များထက်ပင် ပိုမိုအသံကျယ်လောင်ခဲ့ကြကြောင်း ပြောဆိုမှုများရှိခဲ့သည်။ ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်း ပါတီဥက္ကဋ္ဌရာထူးနေရာ ရယူလိုမှုကိစ္စများဖြင့် အုပ်စုဖွဲ့အားပြိုင်ကာ ပါတီတွင်းစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရသည်။ ပါတီအတွင်း သူရဦးရွှေမန်းနှင့် ဝန်ကြီးအဟောင်းများပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သမ္မတဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝန်ကြီးအချို့နှင့် ဗဟိုကော်မတီဝင်များ၊ ကြားနေအရပ်သား ဗဟိုကော်မတီဝင်များနှင့် အလုပ်အမှုဆောင်များဟု ၃ မျိုးကွဲခဲ့ကြသည်။ အထင်ရှားဆုံးမှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ဟု ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းထံပေးပို့ခဲ့သည့် စာကို သတင်းမီဒီယာများအား ပြန်လည်ဖြန့်ဝေခြင်း၊ သမ္မတ အပါအဝင် အစိုးရအဖွဲ့ဝင်အားလုံး ရွေးကောက်ခံအမတ်ဖြစ်စေရန် လွှတ်တော်အတွင်း ပြင်ဆင်ရန် ကြိုးပမ်းခြင်း စသည့်အချက်များသည် ပါတီခေါင်းဆောင်များအချင်းချင်း အကွဲအပြဲများ ဖြစ်ပွားစေခဲ့သည်။ အဆိုးဆုံးမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို လွှတ်တော်က စွပ်စွဲပြစ်တင်ခြင်းပင်ဖြစ်သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှစတင်၍ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်းတို့ တံခါးပိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းကို လွှတ်တော်အတွင်းရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အတွင်း သံသယဖြစ်ခဲ့ရသည်။ ထို့အပြင် သမ္မတ၊ ဒုတိယသမ္မတနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ လစာငွေကိစ္စ၊ ပင်စင်လစာတိုးမြှင့်ခြင်းကိစ္စ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြည်ထောင်စုအဆင့် သတ်မှတ်ခြင်းကိစ္စတို့ပါဝင်သည့် နိုင်ငံတော်သမ္မတ၏လုပ်ဆောင်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စုံစမ်းပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်နာယကထံ စာရေးသားပေးပို့ခဲ့သည်။ နောက်ပိုင်းတွင် အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်မှ နိုင်ငံတော်သမ္မတကို စွပ်စွဲပြစ်တင်ခြင်းများ ဆောင်ရွက်လာနိုင်သည်ဟူသော သံသယစိတ်များဖြစ်ပွားခဲ့ကြသည်။ ထိုအကွဲအပြဲ ဓာတ်လမ်းများသည် ရွေးကောက်ပွဲနီးလာသည်နှင့်ပါတီတွင်းစည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရသည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ ည ၉ နာရီအချိန်တွင် ခေတ္တဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဗဟိုအလုပ်အမှုဆောင် ၁၂ ဦးကို ဖယ်ရှားခဲ့သည့် ညတိုက်ပွဲဟူ၍ပင် ပြောစမှတ်တွင်ခဲ့ရသည်အထိဖြစ်ပွားခဲ့ရသည်။ ပါတီတွင်းစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့သဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် ရှုံးနိမ့်ခဲ့ရသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၇၂၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၃၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၅ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၅ ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး NLD ပါတီက အစိုးရဖွဲ့ကာ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် အာဏာရရှိခဲ့သည်။

NLD ပါတီသည် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ရန် ပါတီအတွင်း သဘောထားကွဲလွဲမှုများဖြစ်ခဲ့သည်။ ရွှေဂုံတိုင်ကြေညာစာတမ်းကို ဆုပ်ကိုင်ထားသည့် ဦးဝင်းတင် ခေါင်းဆောင်သောအဖွဲ့၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်အတွင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်လိုသည့် ဦးခင်မောင်ဆွေနှင့် ဒေါက်တာသန်းငြိမ်းတို့ ဦးဆောင်သည့်အဖွဲ့၊ ဦးအောင်ရွှေခေါင်းဆောင်သော ကြားနေအဖွဲ့ စသည်ဖြင့် သဘောထားကွဲလွဲခဲ့ကြသည်။ ဦးတင်ဦးက ရွေးကောက်ပွဲဝင်ရောက်ရန် ကန့်ကွက်ခဲ့သည်။ နောက်ဆုံးတွင် ဒေါ်အောင်ဆန်းစုကြည်၏ သဘောဆန္ဒအရ ရွေးကောက်ပွဲမဝင်ရောက်ရန် ဆုံးဖြတ်ခဲ့သဖြင့် NLD ပါတီသည် ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပျက်ပြယ်ခဲ့ပြီးဖြစ်သည်။ ဦးခင်မောင်ဆွေနှင့် ဒေါက်တာ သန်းငြိမ်းတို့ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီအမည်ဖြင့် ရွေးကောက်ပွဲဝင်ရောက်ရန် မှတ်ပုံတင်ခဲ့သဖြင့် NLD ပါတီမှ ယင်းတို့အပါအဝင် ဗဟိုကော်မတီဝင် ၁၃ ဦးကို ပါတီမှထုတ်ပယ်ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် သမ္မတဦးသိန်းစိန်က ဝန်ကြီး ဦးအောင်မင်း၊ ဦးစိုးသိန်းနှင့် မြန်မာအီးဂရက်စ်အဖွဲ့တို့တွေ့ဆုံပြီး NLD ပါတီအား နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပြန်လည်ပါဝင်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဝန်ကြီး ဦးအောင်ကြည်ကို ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရန် တာဝန်ပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ညှိနှိုင်းရရှိချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့နှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ရန် လွှတ်တော်သို့တင်ပြခဲ့သည်။ လွှတ်တော်များမှ ဥပဒေပြင်ဆင်ပေးခဲ့ပြီး NLD ပါတီသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ကာ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်၍ NLD ပါတီအမတ်များ လွှတ်တော်အတွင်း ရောက်ရှိလာခဲ့ကြသည်။ NLD ပါတီသည် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့အပါအဝင် ပါတီကို ထောက်ခံဝန်းရံသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ၊ ပါတီအတွင်း၊ ပါတီပြင်ပ စည်းရုံးဆောင်ရွက်မှုများကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး အစိုးရဖွဲ့စည်းနိုင်ခဲ့သည်။

**NLD ပါတီအစိုးရသက်တမ်းတွင် ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြွေးကြော်၍ ဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်မှုမရရှိဘဲ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေနိုင်သည့် ရခိုင်ပြည်နယ်အတွင်း လူမျိုးရေးပြဿနာများ ဖြစ်ပွားခဲ့ရသည်။ NLD ပါတီ၏ အစိုးရသက်တမ်း ၅ နှစ်တွင် အစိုးရအဖွဲ့နှင့် လွှတ်တော်များအတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၏ အကြံပေးများ ဝင်ရောက်စွက်ဖက်ဆောင်ရွက်ခဲ့ကြသည်။ ဂျော့ဆိုးရော့စ်နှင့် ပတ်သက်ခဲ့သူ မြန်မာနိုင်ငံအမျိုးသားလုံခြုံရေး အကြံပေးတာဝန်ပေးထားသော ဦးသောင်းထွန်းကို အစိုးရအဖွဲ့ရုံးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းကိစ္စ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ကိုဖီအာနန်ခေါင်းဆောင်၍ နိုင်ငံခြားသား ၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယင်းကော်မရှင်၏ အကြံပြုချက်များဖြင့် ဆောင်ရွက်ခြင်းကိစ္စတို့တွင် လွှတ်တော်အတွင်းကန့်ကွက်မှုများ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့**

NLD ပါတီအစိုးရသက်တမ်းတွင် ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြွေးကြော်၍ ဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်မှုမရရှိဘဲ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေနိုင်သည့် ရခိုင်ပြည်နယ်အတွင်း လူမျိုးရေးပြဿနာများ ဖြစ်ပွားခဲ့ရသည်။ NLD ပါတီ၏ အစိုးရသက်တမ်း ၅ နှစ်တွင် အစိုးရအဖွဲ့နှင့် လွှတ်တော်များအတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၏ အကြံပေးများ ဝင်ရောက်စွက်ဖက်ဆောင်ရွက်ခဲ့ကြသည်။ ဂျော့ဆိုးရော့စ်နှင့် ပတ်သက်ခဲ့သူ မြန်မာနိုင်ငံအမျိုးသားလုံခြုံရေး အကြံပေးတာဝန်ပေးထားသော ဦးသောင်းထွန်းကို အစိုးရအဖွဲ့ရုံးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းကိစ္စ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ကိုဖီအာနန်ခေါင်းဆောင်၍ နိုင်ငံခြားသား ၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယင်းကော်မရှင်၏ အကြံပြုချက်များဖြင့် ဆောင်ရွက်ခြင်းကိစ္စတို့တွင် လွှတ်တော်အတွင်း ကန့်ကွက်မှုများ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဗြိတိသျှသံရုံးမှ ဂျိုးဖစ်ရှာကို အနီးကပ်ခေါ်ယူထားခြင်း၊ မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံမှ ICJ တွင် တရားစွဲဆိုခြင်းတို့မှာ OIC နှင့်ပတ်သက်ခဲ့ပြီး နိုင်ငံ၏အချုပ်အခြာအာဏာကို ထိခိုက်စေခဲ့သည်ဟု ဝေဖန်ပြောဆိုမှုများ ပြင်းထန်ခဲ့သည်။ ဝန်ကြီးဌာနများတွင် နိုင်ငံတကာအကြံပေးများအဖြစ် နိုင်ငံရေးအကြံပေး ဂျိုးဖစ်ရှာ၊ ရခိုင်အရေးကိစ္စ ကိုဖီအာနန်၊ စီးပွားရေး အကြံပေး ရှောင်တနယ်တို့အပါအဝင် နိုင်ငံခြားသား ၉၀ ကျော်ကို ခန့်အပ်ခဲ့ပြီး နိုင်ငံခြားသားငွေရမ်းခ တစ်နှစ်လျှင် ကျပ်နှစ်ဆယ့်ငါးဘီလီယံခန့် သုံးစွဲခြင်းကိစ္စများအတွက် လွှတ်တော်အတွင်းမေးမြန်း ပြစ်တင်ခံခဲ့ရသည်။ နိုင်ငံတော်၏ ကြွေးမြီများအနေဖြင့် သမ္မတဦးသိန်းစိန် အစိုးရအပါအဝင် ယခင်အစိုးရများလက်ထက် ၇၃ နှစ်တာကာလအတွင်း စုစုပေါင်း ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၉၀၈၆.၇၉၆ သန်း ဖြစ်ခဲ့သော်လည်း NLD အစိုးရသက်တမ်း ၃ နှစ်တာ ကာလအတွင်း ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသည့် ပြည်ပချေးငွေများမှာ ၁၀၀၀၀.၂ သန်းအထိရှိခဲ့သည်။ နိုင်ငံခြားချေးငွေများ မြောက်မြားစွာ ရယူသုံးစွဲခဲ့ရသည်။ NLD အစိုးရသည် အစိုးရတစ်ရပ်ဖြစ်သော်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများ၏လွှမ်းမိုးမှု၊ အကြံပြုမှုများဖြင့် ဝင်ရောက်စွက်ဖက်ကာ ယင်းတို့အလိုကျ ထိန်းကျောင်းဆောင်ရွက်ခြင်းကို ခံခဲ့ရသည်။ နိုင်ငံတော်၏ လုံခြုံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ရခိုင်လူမျိုးရေးရာကိစ္စများ၊ အစိုးရအဖွဲ့နှင့် လွှတ်တော်များမှ အကောင်အထည်ဖော် ဆောင်ရွက်ရသောကိစ္စများအတွက် ဒေါ်အောင်ဆန်းစုကြည်၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ကြရသည်ဆိုသော်လည်း မလွန်ဆန်နိုင်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အကြံပေးများ၏ကြိုးဆွဲရာကရသည့်အဖြစ်မျိုးသို့ ရောက်ခဲ့ရသည်။ **စာမျက်နှာ ၈ သို့** ☆

☆ စာမျက်နှာ ၇ မှ

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံတော်ကို သမ္မတ အုပ်ချုပ်မှာမဟုတ်။ သူ အုပ်ချုပ်မှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစိုးရအဖွဲ့တာဝန်လွှဲပြီးသည်နှင့် သမ္မတနှင့် ဒုတိယသမ္မတများကို ရုံးဖွဲ့စည်းမှုအကြောင်းပြ၍ သူ၏အမိန့်ဖြင့် ရုံးတက်ရောက်ခွင့် ပိတ်ပင်ခဲ့သည့်ကာလများ ရှိခဲ့သည်။ လွှတ်တော်များတွင် ဆွေးနွေးမည့်အစီအစဉ်များကို သူ့ထံ တင်ပြခွင့်ပြုချက်ရရှိမှ ဆောင်ရွက်ရခြင်းများလည်းရှိခဲ့သည်။ လွှတ်တော်အတွင်း မေးခွန်းနှင့် အဆိုများအတွက် ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ဆွေးနွေးခြင်းတို့တွင် သူနှင့်ပါတီ၏ညွှန်ကြားချက်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ရသည်။ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များကို ပါတီမှ ထုတ်ပယ်သည်အထိ အရေးယူခဲ့သည့် သာဓကများရှိခဲ့သည်။

မြန်မာ့နိုင်ငံရေးပါတီများ၏ သမိုင်းစဉ်တစ်လျှောက် ပါတီတွင်းစည်းလုံးညီညွတ်မှု အားနည်းခဲ့ကြသလို ပါတီခေါင်းဆောင်များအချင်းချင်း အကွဲအပြဲများဖြစ်ခဲ့ကြရသည်ကိုလည်း တွေ့ရှိရသည်။ ထိုသို့ ဖြစ်ပွားရခြင်းမှာ သဘောတရားအယူဝါဒအကြောင်းခြင်းရာ၊ နိုင်ငံရေးအကြောင်းခြင်းရာ၊ အမျိုးသားရေး အကြောင်းခြင်းရာများကြောင့် ဖြစ်ပေါ်ရခြင်းထက် ပုဂ္ဂလိကရာထူးနေရာရယူလို၍သော်လည်းကောင်း၊ သူ့လူကိုယ့်လူ ဆရာတပည့်မွေး၍ တိုက်ခိုက်ကြခြင်းဖြင့်သော်လည်းကောင်း၊ မိမိပါတီကို အထင်ကြီး လွန်းခြင်း၊ သူတစ်ပါးတိုင်းတစ်ပါးကို အထင်ကြီးလွန်းခြင်းနှင့် အခြားပါတီများကို တိုက်ခိုက်ခြင်းတို့ဖြင့် ပါတီအတွင်း၊ ပါတီပြင်ပစည်းလုံးညီညွတ်မှု ကျဆင်းခဲ့ကြရသည်။ ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ရသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီအတွင်းဒီမိုကရေစီနည်းလမ်းကျကျ ဥပဒေနှင့်အညီ ဆောင်ရွက်သင့်သော်လည်း ပါတီခေါင်းဆောင်များအနေဖြင့် အာဏာရှင်ဆန်ဆန် ဆောင်ရွက်မှုနှင့် ပါတီဖွဲ့စည်းပုံစည်းမျဉ်းများကို မျက်ကွယ်ပြုမှုများလည်းရှောင်ရှားသင့်ပါသည်။ ပြည်သူလူထုအကျိုး၊ နိုင်ငံ့အကျိုးဆောင်ရွက်ကြရာတွင် ပါတီအကျိုးထက် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို ဦးစားပေးဆောင်ရွက်သင့်ပါသည်။

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများအခြေအနေ**

၂၀၂၀ ပြည့်နှစ်နိုဝင်ဘာလ ၈ ရက်နေ့တွင်တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီ ၈၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၃၇၉ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၂၆၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ သို့သော် ရွေးကောက်ပွဲတွင် အာဏာရပါတီအစိုးရ၏ ပါဝင်စွက်ဖက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်း အချို့၏ ဝင်ရောက်ဆောင်ရွက်မှုများကြောင့် မဲစာရင်းကြီးမားစွာ မှားယွင်းမှုများ၊ မဲမသမာမှုဖြစ်စဉ်များကို တာဝန်ယူဖြေရှင်းခြင်းမပြုဘဲ လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်အာဏာကို ရယူမည့်အခြေအနေတို့ကြောင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလပြဋ္ဌာန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ စတင်ကျင်းပခဲ့သည့် ၂၀၁၀ ပြည့်နှစ်မှစ၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မတိုင်မီအချိန်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီပေါင်း ၁၂၈ ပါတီရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ခဲ့ရသည့် နိုင်ငံရေးပါတီ ၃၆ ပါတီရှိ၍ နိုင်ငံရေးပါတီ ၉၂ ပါတီ ကျန်ရှိပါသည်။

နိုင်ငံရေးပါတီ ၉၂ ပါတီအနက် နိုင်ငံရေးအယူဝါဒအရ ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီများမှာ ၄၃ ပါတီ၊ တိုင်းရင်းသားမျိုးနွယ်စုများအလိုက် ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီများ ၁၉ ပါတီနှင့် ဒေသအလိုက် ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ ၃၀ ပါတီရှိပါသည်။ အဆိုပါ နိုင်ငံရေးပါတီအများစုသည် ၂၀၁၀ ပြည့်နှစ်မတိုင်မီက တည်ရှိခဲ့သည့် ပါတီအချို့ပါဝင်သလို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်ကာလများနှင့် ၂၀၂၀ ပြည့်နှစ်မတိုင်မီထိ တည်ထောင်ခဲ့ကြသည့် ပါတီများဖြစ်ကြပြီး သက်တမ်းကာလအားဖြင့် ဆယ်စုနှစ်ကျော် သက်တမ်းရှိသည့် ပါတီများရှိသကဲ့သို့ အနည်းဆုံးကာလအားဖြင့် သုံးနှစ်ကျော် လေးနှစ် နီးပါး ရှိကြပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မူဝါဒ၊ လမ်းစဉ် ခိုင်မာမှုမရှိသဖြင့် ပါတီထူထောင်သူများအပေါ် မူတည်၍ ရွေးကောက်ပွဲဝင်နိုင်ရုံသာ ဖွဲ့စည်းခဲ့သည့် နိုင်ငံရေးပါတီများလည်းရှိခဲ့သည်။ ပါတီရုံးခန်းများ ဖွင့်လှစ်ခြင်း၊ ပါတီရန်ပုံငွေ၊ ပါတီဝင်အင်အားများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီတစ်ရပ်နှင့် ညီညွတ်အောင် ဆောင်ရွက်နိုင်မှုများ အားနည်းသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအသစ်ပြဋ္ဌာန်းရာတွင် နိုင်ငံရေးပါတီများ အားကောင်းမောင်းသန်ဖြင့် တောင့်တင်းခိုင်မာပြီး နိုင်ငံတော်ကို ဦးဆောင်နိုင်မည့်ပါတီများ ပေါ်ထွက်လာစေရန် ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ ပါတီရုံးခန်းများ စသည်ဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

> ❖ **နိုင်ငံရေးပါတီများသည် လူမှုအကျိုးစီးပွားများကို ဖော်ဆောင်ခြင်း၊ ပါတီဝင်အသစ်များ စုစည်း၍ အနာဂတ်နိုင်ငံရေးမျိုးဆက်သစ်များ ပျိုးထောင် မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံတော်အား ဦးဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အရည်အချင်း ပြည့်ဝသူများ လုံလုံလောက်လောက်ရှိရေး ဆောင်ရွက်ကြရန်လိုအပ်**
>
> ❖ **နိုင်ငံရေးပါတီများ မှတ်ပုံတင်ရခြင်းမှာ နိုင်ငံရေးပလက်ဖောင်းတစ်ခုရရှိရေးဆိုသည့် ကျဉ်းမြောင်းသည့်နိုင်ငံရေးလုပ်စားခွင့်အခြေအနေ ဖန်တီးမှုမျိုးမဖြစ်သင့်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုး၊ အများကောင်းကျိုးတို့အတွက် ရည်မှန်းချက်ဖြင့် ဆောင်ရွက်သင့်**

နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေမှာ ပြည်ထောင်စုတစ်ဝန်း စည်းရုံးမည့်ပါတီ ၇၀ ကျော်အနက် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ၂၂ ပါတီသာ ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။ ကိုယ်စားလှယ်နေရာ ၅၀ နေရာနှင့်အထက် ဝင်ရောက်ယှဉ်ပြိုင်သောပါတီ ၁၃ ပါတီခန့်သာရှိပြီး အများစုမှာ ကိုယ်စားလှယ်နေရာ ၅၀ အောက်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀ ရာခိုင်နှုန်းကျော်သော ပါတီများသည် အနည်းဆုံးဝင်ရောက်ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်ဦးရေဖြစ်သည့် ၃ ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း တွေ့ရှိရပါသည်။ ရွေးကောက်တင်မြှောက်ခံရမှုအခြေအနေကို လေ့လာပါက လွှတ်တော်ကိုယ်စားလှယ်နေရာအနည်းဆုံး ၁ နေရာရရှိသည့် ပါတီများအပါအဝင် အရေအတွက်မှာ ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီ ၉၀ ခန့် အနက် ၂၀ ပါတီ ဝန်းကျင်သာရှိသည်ကို တွေ့ရှိရသည်။ နိုင်ငံရေးပါတီအများစုသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုနှင့် အနိုင်ရရှိမှုနည်းပါးသည်ကိုတွေ့ရပြီး ခိုင်မာအားကောင်းသည့် ပါတီများ ဖြစ်လာရေး နိုင်ငံရေးယုံကြည်ချက်နှင့် ရည်မှန်းချက်တူသည့် ပါတီများပူးပေါင်းဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်ကြောင်း အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်အရ နိုင်ငံရေးပါတီများ ၂၃၉ ပါတီအထိ ဖွဲ့စည်းခဲ့သည့် ကာလတစ်ခုရှိခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ နိုင်ငံရေးပါတီများ များပြားခဲ့သော်လည်း ရွေးကောက်ပွဲများတွင် အနိုင်ရသဖြင့် အစိုးရဖွဲ့နိုင်သည့် ပါတီများမှာ ဖဆပလ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ဖြစ်သည်။ ပါတီများ များပြားသလောက် ပါတီဝင်အင်အားစုစည်းနိုင်သည့်ပါတီများ နည်းပါးပြီး ပါတီအလိုက်ပြည်သူကို ကိုယ်စားပြုနိုင်မှု အားနည်းသည်ကို တွေ့ရှိရသည်။

**စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေသော၊ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများ ပေါ်ထွက်လာရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယခုအချိန်အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေသစ်အရ ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ **၆၄ ပါတီ**ရှိပြီး ယင်းတို့အနက် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ **၇ ပါတီ** နှင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ **၃၂ ပါတီ** စုစုပေါင်း **၃၉ ပါတီ**ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ကျန်ပါတီများကိုလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီအပေါ် လေ့လာချက်များအရ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော နိုင်ငံရေးပါတီများ တည်ရှိဖို့လိုအပ်ကြောင်း အထင်အရှားတွေ့ရပေသည်။အသစ်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများသည်လည်း ခိုင်မာအားကောင်းသည့်နိုင်ငံရေးပါတီများ ဖြစ်လာစေဖို့ ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ယင်းဥပဒေ၊ နည်းဥပဒေများတွင်လည်း ပါတီငယ်များ၊ တိုင်းရင်းသား ဒေသများရှိ တိုင်းရင်းသားပါတီများအနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးထားပါသည်။ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် ပါတီကြီးငယ်မရွေး အားလုံးပါဝင်နိုင်ရေးသည် အရေးကြီးသည့်အတွက် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပေးထားကြောင်း တွေ့ရပေသည်။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်သူကိုကိုယ်စားပြုပြီး တိုင်းပြည်တာဝန်များကို ဦးဆောင်ဦးရွက်ပြုကြရမည့်သူများဖြစ်ပါသည်။ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ ဖြစ်စေရန် တစ်နိုင်ငံလုံးစည်းရုံးဆောင်ရွက်မည့် ပါတီဖြစ်ပါက တစ်နိုင်ငံလုံးနှင့်လျော်ညီစွာ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများ ရှိရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန်လိုအပ်ပါသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စည်းရုံးမည့်ပါတီနှင့်အညီ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေ၊ နိုင်ငံရေးပါတီရုံးခွဲများ ရှိရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲတွင်လည်း သတ်မှတ်ထားသည့်မဲဆန္ဒနယ် အရေအတွက်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မိမိကိုယ်တိုင် ခိုင်ခိုင်မာမာရပ်တည်ဖွဲ့စည်းနိုင်မှသာ တိုင်းပြည်အကျိုး၊ ပြည်သူများ၏အကျိုးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရေရှည်အကျိုးကိုမျှော်ကိုးပြီး တိုင်းပြည်အတွက်၊ အများပြည်သူလူထုအတွက် စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ပြဋ္ဌာန်းဥပဒေများနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများသည် လူမှုအကျိုးစီးပွားများကို ဖော်ဆောင်ခြင်း၊ ပါတီဝင်အသစ်များ စုစည်း၍ အနာဂတ်နိုင်ငံရေးမျိုးဆက်သစ်များ ပျိုးထောင်မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံတော်အား ဦးဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အရည်အချင်း ပြည့်ဝသူများ လုံလုံလောက်လောက်ရှိရေး ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ရခြင်းမှာ နိုင်ငံရေးပလက်ဖောင်းတစ်ခု ရရှိရေးဆိုသည့် ကျဉ်းမြောင်းသည့် နိုင်ငံရေးလုပ်စားခွင့်အခြေအနေ ဖန်တီးမှုမျိုးမဖြစ်သင့်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုး၊ အများကောင်းကျိုးတို့အတွက် ရည်မှန်းချက်ဖြင့် ဆောင်ရွက်သင့်ပါသည်။ နိုင်ငံ၏ အရေးအရာများတွင် ပါဝင်ဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသော သဘာဝဘေး၊ ကပ်ရောဂါဘေး စသည်တို့အပြင် လက်ရှိအခြေအနေအရ အကြမ်းဖက်ခြင်း၊လူသတ်ခြင်း၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် ပြုလုပ်နေသည့် အဖွဲ့အစည်းများ၊ လုပ်ရပ်များကို မြင်ပါလျက်၊ သိပါလျက်နှင့် မသိချင်ယောင် မဆောင်ဘဲ နိုင်ငံရေးပါတီကောင်းတစ်ခုပီသစွာ ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ သို့မှသာ ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိပြီး ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းကာ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် ကျော်လွှားကြရမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဦးတည်ဆောင်ရွက်နေသည့်အားလျော်စွာ နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် တင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ
၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ
၃။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အကျဉ်း
၄။ မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် လက်လွှတ်ဆုံးရှုံးခဲ့ရသောအခွင့်အလမ်းများ ၂၀၁၀-၂၀၁၆
၅။ နိုင်ငံရေးနှင့် နိုင်ငံရေးပါတီ
၆။ ဒီမိုကရေစီဒုတိယအစိုးရသစ်နှင့်မြန်မာနိုင်ငံ
၇။ သူရဦးရွှေမန်းကိုလေ့လာခြင်း
၈။ မြန်မာနိုင်ငံရေးပါတီ (၂၀၂၂)
၉။ နိုင်ငံတော်၏ ပြည်ပကြွေးမြီအခြေအနေနှင့် ပဲရစ်ကလပ် ကြွေးမြီရှင်းလင်းခြင်းအတွေ့အကြုံ

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် (၂၀၂၃ အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းများကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂၃-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်းနှင့် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ၏ ဒုတိယနှစ်ဝက် သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား (၉-၁၁-၂၀၂၃)ရက်နေ့၌ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် ၎င်းတက္ကသိုလ်၏ website ဖြစ်သည့် https://ucmt.edu.mm တို့တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၈**

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေးကို ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ၆ ရက် (၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁၊ ၂၊ ၃ ရက်) ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ၈ ရက် (၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄၊ ၅ ရက်) တနင်္လာ၊ အင်္ဂါနေ့တို့တွင် ပန္နရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်) ဗုဒ္ဓဟူးနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ Mr. SHATIROV Alexander Sergeevich ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ Mr. SHATIROV Alexander Sergeevich ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံမှ ယခင်ကာလများကပင် ကူညီပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ ထုတ်လုပ်မှုများမှ နေရောင်ခြည်စွမ်းအင်နှင့် အပူစွမ်းအင် စီမံကိန်းများတွင် ရုရှားကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ စီမံကိန်းများတွင် မြန်မာနိုင်ငံမှ ပြည်တွင်းကုမ္ပဏီများနှင့် ရေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ Mr. SHATIROV Alexander Sergeevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများ၊ ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် နည်းပညာဆိုင်ရာ အထောက်အပံ့ ရရှိရေးနှင့် Digital Monitoring Software အသုံးပြုနိုင်ရေး၊ အထွက်နှုန်းကျဆင်းနေသည့် ကုန်းတွင်းရေနံမြေများနှင့် အလားအလာကောင်းများရှိသော ရေနံမြေများတွင် ရုရှားကုမ္ပဏီများနှင့် ပူးပေါင်း၍ အထွက်နှုန်း တိုးမြှင့်နိုင်ရေး၊ ကျောက်မီးသွေးသိုက်များအတွင်း ခိုအောင်းနေသည့် သဘာဝဓာတ်ငွေ့များအား တိုက်ရိုက်ထုတ်ယူခြင်း (Coal bed Methane)နှင့် စပ်လျဉ်း၍ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ကူညီပံ့ပိုးပေးနိုင်ရေး၊ ရေနံချက်စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံများ အဆင့်မြှင့်တင်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီ ပံ့ပိုးပေးနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း၏ မြန်မာ့ပရိဘောဂပြပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော မြန်မာ့ပရိဘောဂပြပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Junction Square ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းကြီး၏ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပြခန်းအတွင်း ပြသထားသော သီတင်းကျွတ်ပွဲတော်အတွက် မင်္ဂလာခန်းဝင်ပစ္စည်းများ၊ ဆန်းသစ်တီထွင်ထားသော သစ်အခြေခံပရိဘောဂပစ္စည်းများ၊ ကျွန်းအစားထိုး တန်ဖိုးနည်းပရိဘောဂပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါပြပွဲကို လုပ်ငန်းရှင် ၁၁ ခုမှ ဆိုင်ခန်းပေါင်း ၁၆ ခန်းဖြင့် နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံး ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## B.Tech ဘွဲ့သင်တန်းများအားလုံး ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ အလုပ်ရုံစစ်ဆေးရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၈**

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ အလုပ်ရုံစစ်ဆေးရေးဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



**နည်းလမ်းများပြောင်းလဲလာ**

ဦးစွာပြည်ထောင်စုဝန်ကြီးက အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အလုပ်ချိန်၊ အချိန်ပို စသည့် အလုပ်သမားရေးရာ စံချိန်စံနှုန်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အလုပ်သမားရေးရာစစ်ဆေးခြင်းနည်းလမ်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ စစ်ဆေးစည်းကြပ်ရသည့် အကြောင်းအရာများသည် တိုးတက်နေသည့် နည်းပညာများအရ အလုပ်သမားဈေးကွက် အပြောင်းအလဲဖြစ်သည်နှင့်အညီ စစ်ဆေးစည်းကြပ်သည့် နည်းလမ်းများပြောင်းလဲလာခြင်းဖြစ်ကြောင်း။

ဦးစီးဌာနအနေဖြင့် အလုပ်သမားရေးရာ စစ်ဆေးခြင်း၊ အသိပညာပေးခြင်းတို့အပြင် အလုပ်သမားများ လုပ်ကိုင်နေရသည့် လုပ်ငန်းခွင်အခြေအနေကောင်းမွန်မှု ရှိ၊ မရှိ၊ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိ သိရှိနိုင်ရေး စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိရန် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည် (Institutional Capacity) နှင့် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် (Individual Capacity) ကို မြှင့်တင်ပေးနိုင်ရန် ယခုကဲ့သို့ ဘာသာရပ်ဆိုင်ရာ အထူးပြုမွမ်းမံသင်တန်းကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက အသုံးပြုဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်ပတ်ဝန်းကျင် တိုင်းတာရေးကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါသင်တန်းကို In House Training System ဖြင့် အရာထမ်း ၃၅ ဦးကို နိုဝင်ဘာ ၈ ရက်မှ ၁၅ ရက်အထိ သင်တန်းကာလ ခုနစ်ရက်အတွင်း စစ်ဆေးရေးအရာရှိ တစ်ဦး၏ ကျင့်ဝတ်နှင့် တာဝန်များ၊ စစ်ဆေးရေးနည်းလမ်းများနှင့် စစ်ဆေးရေးလုပ်ငန်းစဉ်များ၊ လုပ်ငန်းခွင်ထိခိုက်မှု စုံစမ်းစစ်ဆေးခြင်း၊ လုပ်ငန်းခွင် ပတ်ဝန်းကျင်အခြေအနေ တိုင်းတာရေး ကိရိယာများ အသုံးပြုခြင်း၊ လုပ်ငန်းခွင်တွင်ဖြစ်ပွားလေ့ရှိသည့် ဘေးအန္တရာယ်များနှင့် စီမံခန့်ခွဲခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၏လုပ်ငန်းစဉ်များ၊ ဘွိုင်လာဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ သတ္တုတွင်းလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် ကျန်းမာရေးဆိုင်ရာ အခြေခံသဘောတရားများနှင့် စံနှုန်းသတ်မှတ်ချက်များနှင့်ပတ်သက်ပြီး သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြို့၌ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်

**ပဲခူး နိုဝင်ဘာ ၈**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အနာဂတ်နိုင်ငံတော်အတွက် ဗလငါးတန်နှင့် ပြည့်စုံသော သားကောင်းရတနာ၊ သမီးကောင်းရတနာ၊ မျိုးဆက်သစ်များ ဖြစ်ပေါ်လာစေရန် ပြုစုပျိုးထောင်ပေးရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အခြေခံသည့် အနုသုခုမပညာရပ်များသည် အခြေခံကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ သိမ်မွေ့နက်နဲပြီး အဆင့်အတန်းမြင့်မားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုများ တိမ်ကောပပျောက်မှုမရှိစေရေးအတွက် ရှေးမူမပျက် ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်အတူ မျိုးဆက်သစ်လူငယ်၊ မောင်မယ်များကြားတွင် မြတ်နိုးတန်ဖိုးထား လေးစားတတ်စေရန်အတွက် နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးတွင် ပဲခူးတိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ၁၇ ခု၊ ကြေးတံဆိပ် ၁၁ ခု၊ နှစ်သိမ့်ဆုတစ်ခုနှင့် အထူးဆုသုံးခု စုစုပေါင်း ဆုတံဆိပ် ၄၀ ရရှိခဲ့ကြောင်း၊ နောင်နှစ်များတွင် ဆုတံဆိပ်များ ပိုမိုတိုးတက်ရရှိစေရေးအတွက် လိုအပ်သည်ကို ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပြီး ပြိုင်ပွဲဝင်များအနေဖြင့် ပဲခူးတိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှုများ မတိမ်ကော မပပျောက်စေရန်နှင့် အဓွန့်ရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးကြစေလိုကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားသည်။



ထို့နောက် ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားအား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆု ရွှေတံဆိပ်ရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ဒုတိယဆု ငွေတံဆိပ်ရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တတိယဆု၊ နှစ်သိမ့်ဆု၊ အထူးဆုနှင့် နည်းပြများအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ပထမ ရွှေတံဆိပ်ရရှိသူများက သီဆို၊ ကပြ၊ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များအား ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆုရပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပန်းတနော်မြို့ လူထုအခြေပြုဗဟိုဌာန၌ အိမ်တွင်းလက်မှုလုပ်ငန်းသင်တန်း ဖွင့်လှစ်



**ပန်းတနော် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အိမ်တွင်းလက်မှုပညာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးက အိမ်တွင်းလက်မှုပညာလုပ်ငန်း သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာမများက သင်ကြားပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အိမ်တွင်းလက်မှုပညာသင်တန်းတွင် ပလတ်စတစ်ဖြင့်ပြုလုပ်သည့် အလှခြင်းတောင်း၊ လက်ကိုင်အိတ် အသုံးအဆောင်ပစ္စည်း ပြုလုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကို နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းသား ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သူများ၏ အတွေ့အကြုံများရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများသို့ ကိုယ်စားလှယ်အဖြစ် သွားရောက်ခဲ့ကြသူများ၏ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။






**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မီမီထွန်းက ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (8th Eastern Economic Forum) သို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကိုလည်းကောင်း၊ ခရီးသွားမြှင့်တင်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာအေးက ၂၀၂၃ ခုနှစ် ဩဂုတ် ၂၀ ရက်မှ ၃၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ကျင်းပခဲ့သည့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်အောက်ရှိ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲသို့ ကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများနှင့် အပြန်အလှန်မေးမြန်းဖြေကြားမှုများကို ပြုလုပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ခြုံငုံသုံးသပ်ပြောကြားရာတွင် ဝန်ထမ်းအားလုံး တက်ကြွစွာ လေ့လာသင်ယူနိုင်သော ပတ်ဝန်းကျင်တစ်ခုဖြစ်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ အတွေ့အကြုံရှင်းလင်းပွဲများ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေနှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လာရောက်ပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ထားကြရန် လိုအပ်ပါကြောင်း၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းအပါအဝင် ဒစ်ဂျစ်တယ် ခရီးသွားလုပ်ငန်းနှင့် အွန်လိုင်းခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်ကြရမည်ဖြစ်ကြောင်း။

ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးအတွက် မျှော်မှန်းခရီးသွားဈေးကွက်နိုင်ငံများနှင့် အစိုးရ-ပုဂ္ဂလိက အချင်းချင်း Virtual Tourism Forum ပြုလုပ်နိုင်ရေးကို စီစဉ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနတွင်း၌လည်း ဈေးကွက်ဝင်နိုင်ငံအလိုက် အထူးပြုအရာထမ်းများ သတ်မှတ်တာဝန်ပေးအပ်ဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းအင်းအချက်အလက်မှန်ကန်တိကျစွာရရှိရေးမှာ အရေးကြီးသောကြောင့် သုတေသနပြုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားတိုင်းပြည်များရှိမြန်မာသံရုံးများသို့ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အချက်အလက်များ စဉ်ဆက်မပြတ် ပံ့ပိုးပေးရန်လိုအပ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရရှိထားသော မြို့များသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ကြရေးအတွက် မြှင့်တင်ကြော်ငြာရေးများကို အထူးဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## လူငယ်ရေးရာ

### သထုံမြို့နယ်၌ နယ်လှည့်စာကြည့်တိုက် လိုက်လံဖွင့်လှစ်ပေး

**သထုံ နိုဝင်ဘာ ၈**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့ မွန်းလွဲပိုင်းက သထုံမြို့နယ် ပေါ်တော်မူကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပြီး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



နယ်လှည့် စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ပေါ်တော်မူကျေးရွာ မူလတန်းလွန်ကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးကြည်က အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာပေလေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့်စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရိုန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### ဖားကန့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဖားကန့် နိုဝင်ဘာ ၈**

ကချင်ပြည်နယ် ဖားကန့်မြို့၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီတွင် အခြေခံပညာအထက်တန်းကျောင်း ဥရုရတနာခန်းမဆောင်၌ ကျင်းပသည်။



**ဟောပြော**

အခမ်းအနား၌ မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လွင်ဦးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကို Power point ဖြင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကိုကိုဦးက လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက် ခင်းကျင်းထားသော စာအုပ်စာပေများနှင့် နံရံကပ်စာစောင်များကို တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### ပေါက်ခေါင်းမြို့နယ် အထက(အနောက်ကြို့ကုန်း)၌ လူငယ်စကားဝိုင်း ကျင်းပ

**ပေါက်ခေါင်း နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ဖလှယ်တတ်စေရန်အတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက အထက(အနောက်ကြို့ကုန်း)ကျောင်းခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးကိုကိုနိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ အန္တရာယ်များအကြောင်းကို အသိပညာပေးပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့် Grade-11 မှ မောင်စိုးမိုးထွန်းကလည်းကောင်း၊ လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် Grade-11 မှ မယမင်းသူကလည်းကောင်း၊ လူငယ်နှင့်ကိုယ်ကျင့်တရား ခေါင်းစဉ်ဖြင့် Grade-10 မှ မောင်အောင်ကျော်ကျော်ကလည်းကောင်း၊ လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် Grade-10 မှ မသိမ်မွေ့လွင်ကလည်းကောင်း ဦးဆောင်ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးပြောကြားမှု အကြောင်းအရာများအပေါ် သိရှိလိုသည့်မေးခွန်းများကို ကျောင်းသားကျောင်းသူများက မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။ အဆိုပါလူငယ်စကားဝိုင်းသို့ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**

## ချင်းပြည်နယ်မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ဟားခါး နိုဝင်ဘာ ၈

ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်း ( ၂/၂၀၂၃ ) အစည်းအဝေးကို နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီခွဲက ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ရုံး ခန်းမဆောင်၌ ကျင်းပရာ ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ချင်းပြည်နယ်မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကော်မတီ ဒုတိယဥက္ကဋ္ဌပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်စိုးဝင်းနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏၂၀၂၃ ခုနှစ် ဇန်နဝါရီလက ကောက်ယူခဲ့သည့် မြေပြင်စာရင်းအရ ချင်းပြည်နယ်တွင် ပလက်ဝမြို့နယ်သည် မသန်စွမ်းသူအများဆုံးရှိသည့် မြို့နယ်ဖြစ်ပြီး ဖလမ်းမြို့နယ်သည် အနည်းဆုံးမြို့နယ်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် မသန်စွမ်းသူ လူဦးရေစာရင်းနှင့် မသန်စွမ်းဖြစ်ရခြင်း အကြောင်းရင်းများကိုပါ အသေးစိတ်သိရှိမည်ဆိုပါက လေ့ကျင့်ပေးမှုဖြင့် တိုးတက်နိုင်ပြီး မိမိခြေထောက်ပေါ် မိမိ ပြန်လည်ရပ်တည်နိုင်မည့် အုပ်စုကို ရွေးထုတ်ခြင်း စသည့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီဝင်များ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတို့က ၂၀၁၀ ပြည့်နှစ်မှ ယခုနှစ်အထိ ခုနှစ်အလိုက် မသန်စွမ်းသူစာရင်းကို စာရင်းပြုစု ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးကျော်စိုးဝင်းနှင့် ကော်မတီအတွင်းရေးမှူး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဦးသူရထွေးတို့က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင်များဖြစ်ကြသည့် ပြည်နယ်ပညာရေးမှူး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တို့မှ ပြည်နယ်ဦးစီးမှူးများက မိမိတို့ဌာနအလိုက် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ကျောက်တံတားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

၂၀၂၃ ခုနှစ် ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၈ )ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ယနေ့မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် လမ်းမတော်မြို့နယ်ဘောလုံးအသင်းနှင့် ဒဂုံမြို့နယ်ဘောလုံးအသင်းတို့က ပထမဆုံး ယှဉ်ပြိုင်ကစားခဲ့ပြီး ဒဂုံမြို့နယ်အသင်းက သုံးဂိုး-နှစ်ဂိုး ဖြင့် အနိုင်ရရှိသွားသည်။

ဘောလုံးပြိုင်ပွဲသို့ ကျောက်တံတားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင် အထက (၁) လမ်းမတော် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အထက (၂)လသာမှ ဘင်ခရာအဖွဲ့ ၅၀၊ ဘောလုံးဝါသနာရှင် မိဘပြည်သူစုစုပေါင်း ၃၀၀ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး အဆိုပါဘောလုံးပြိုင်ပွဲကို လမ်းမတော်မြို့နယ်၊ ဒဂုံမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ဝါသနာရှင်ဘောလုံးအားကစားသမားများက တစ်မြို့နယ်တစ်သင်းဖြင့် မြို့နယ်အလိုက် နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်



## သထုံမြို့၌ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

သထုံ နိုဝင်ဘာ ၈

မွန်ပြည်နယ် သထုံခရိုင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်း ဆပ်ကော်မတီ၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဌေးအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် လုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးက သထုံခရိုင်အဆင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်း ဆပ်ကော်မတီ၏ ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် လုပ်ငန်းတာဝန်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ယင်းသို့ခိုင်းစေခြင်းအတွက် ဖြစ်မှုဖြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် လုပ်ငန်းဆပ်ကော်မတီဝင်များက ကလေးအလုပ်သမားလျော့နည်းပပျောက်ရေး၊ ပြန်လည်ကုစားရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ



ဆောင်ရွက်ချက်များကို မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းရာ ခရိုင်လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

သထုံခရိုင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီအပါအဝင် လုပ်ငန်းဆပ်ကော်မတီရှစ်ခုဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တီးတိန်မြို့၌ (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား ပြုလုပ်

တီးတိန် နိုဝင်ဘာ ၈

တီးတိန်မြို့၌ (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တီးတိန်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဆရာတော် ဘဒ္ဒန္တပုညာနန္ဒ (M.A Buddhism)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့်တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များထံ နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းကိုပြောကြားကာ (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့ video clip ကိုပြသပြီး ဝန်ထမ်းများစုပေါင်းနေ့လယ်စာသုံးဆောင်ခြင်း၊ ကံစမ်းမဲဖောက်ခြင်းများဖြင့် ပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မိုးမိုး




## ကော့မှူးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူ

ကော့မှူး နိုဝင်ဘာ ၈

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် တောင်ပိုင်းရပ်ကွက်၌ တိရစ္ဆာန်ကောင်ရေစာရင်းကို ကောက်ယူလျက်ရှိကြောင်း သိရသည်။

ထို့နောက် မြို့နယ်ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်နှင့် ဝန်ထမ်းအဖွဲ့များက ကော့မှူးမြို့နယ်အတွင်း တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူမည့် ကျေးရွာပေါင်း ၂၆ ရွာနှင့် ရပ်ကွက် တစ်ရပ်ကွက်တွင် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂ ရက်မှ ဒီဇင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှုကိန်းဂဏန်းများအတည်ပြုနိုင်ရန်နှင့် တိရစ္ဆာန်ကောင်ရေ တိုးပွားမှုဆိုင်ရာ တွက်ချက်မှုစံနှုန်းများကို သုံးသပ်ပြင်ဆင်နိုင်ရန်၊ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ကျော်သူရ (ပြန်/ဆက်)

# ဂါဇာကမ်းမြောင်ဒေသရှိ တိုက်ပွဲများ သုံးရက်ကြာရပ်နားထားရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား

ဝါရှင်တန် နိုဝင်ဘာ ၈

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဂါဇာကမ်းမြောင်ဒေသ၌ ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကို သုံးရက်ကြာ ရပ်နားထားရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးသည် နိုဝင်ဘာ ၆ ရက်က ဂါဇာကမ်းမြောင်ဒေသအရေးနှင့်ပတ်သက်ပြီး တယ်လီဖုန်းမှတစ်ဆင့်ဆွေးနွေးပြီးနောက် သမ္မတဂျိုးဘိုင်ဒင်က အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအား အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဟားမတ်စ်တို့ ဖမ်းဆီးထိန်းသိမ်းထားသည့် ဓားစာခံများ လွတ်မြောက်ရေး ကြိုးပမ်းရာတွင် အောင်မြင်မှု ရရှိစေရေးအတွက် စစ်ဆင်ရေးဆင်နွှဲမှုများကို ခေတ္တရပ်ထားရန် လိုအပ်သည်ဟု ဂျိုးဘိုင်ဒင်က ဆိုသည်။

အမေရိကန်၊ အစ္စရေးနှင့် ကာတာနိုင်ငံတို့သည် ဓားစာခံများ လွှတ်ပေးရေးနှင့် ပတ်သက်၍ အဆိုပြုချက်တစ်ရပ်ကို ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ကာတာနိုင်ငံသည် ဓားစာခံများ လွှတ်ပေးရေးနှင့်ပတ်သက်ပြီး ဟားမတ်စ်နှင့် အခြားအဖွဲ့အစည်းများအကြား စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိသည်။

အဆိုပြုချက်အရ ဟားမတ်စ်သည် ဓားစာခံ ၁၀ ဦးမှ ၁၅ ဦးကို လွှတ်ပေးခဲ့ပြီး ကျန်ဓားစာခံအားလုံး၏ အထောက်အထားများကို အတည်ပြုရန် သုံးရက်ကြာ စစ်ဆင်နွှဲမှုများကို ခေတ္တရပ်နားထားမည်ဖြစ်သည်။

ထို့ပြင် ဖမ်းဆီးထိန်းသိမ်းခံရသူများ၏ အမည်စာရင်းကိုလည်း ထုတ်ဖော်ပြောကြားမည်ဖြစ်သည်။



အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဟားမတ်စ်၏ ရည်ရွယ်ချက်ကို မယုံကြည်ကြောင်း ဘိုင်ဒင်အား ပြောကြားခဲ့သည်ဟု အမေရိကန်နှင့် အစ္စရေးတာဝန်ရှိသူများက ဆိုသည်။

တိုက်ပွဲများ သုံးရက်ကြာရပ်သွားပါက အစ္စရေးသည် စစ်ဆင်ရေးအတွင်း နိုင်ငံသားများ လက်ရှိရရှိနေသော နိုင်ငံတကာ အထောက်အပံ့ကိုဆုံးရှုံးနိုင်သည်ဟု ဝန်ကြီးချုပ်နေတန်ယာဟုကဘိုင်ဒင်အားပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအဆုံးသတ်ရေး ပါလက်စတိုင်းဝန်ကြီးချုပ် တိုက်တွန်းပြောကြား

ဂျေရုဆလင် နိုဝင်ဘာ ၈




အစ္စရေး၏ လူမျိုးတုံးသတ်ဖြတ်မှုကို ရပ်တန့်ရန် နိုင်ငံတကာခေါင်းဆောင်များက အစ္စရေးကို ချက်ချင်းတောင်းဆိုရမည်ဟု ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက် ရှာတေရက်က ပြောကြားခဲ့သည်။

၎င်းသည် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခ အဆုံးသတ်ရေးကိုလည်း တောင်းဆိုခဲ့သည်။

၎င်းက နိုဝင်ဘာ ၆ ရက်တွင် အင်န်အိတ်ချ်ကေ သတင်းဌာနနှင့် သီးသန့်တွေ့ဆုံမေးမြန်းခန်းတွင် ယခုကဲ့သို့ မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းက အစ္စရေး၏ တိုက်ခိုက်မှုသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ထပ်လောင်းပြောကြားခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသ၏ လက်ရှိအခြေအနေသည် အလွန်ဆိုးရွားသည်ဟု ၎င်းက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် ခိုလှုံသူများကို အစားအစာဝေမျှပေးရန်နှင့် အမိုးအကာနှင့် သောက်သုံးရေများ ပံ့ပိုးပေးရန် နေ့စဉ် ထရပ်ကားအစီး ၅၀၀ လိုအပ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် ရာဖာနယ်စပ်ဖြတ်ကျော်ဂိတ်လမ်းကြောင်းမှတစ်ဆင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးဝေမှု တိုးလာသင့်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ဟားမတ်စ်နှင့် အစ္စရေးတို့ကြား တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်မှာ တစ်လကျော်သွားပြီဖြစ်သည်။ **ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–စိုးသူရ**

# ဂျပန်အစိုးရက တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးကို အဆင့်မြှင့်တင်ရန် ကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံ သုံးစွဲမည်

တိုကျို နိုဝင်ဘာ ၈

ဂျပန်အစိုးရသည် ပြည်တွင်း၌ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးကို အဆင့်မြှင့်တင်ရန်အတွက် ယန်း ၁ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံ) ခန့် ခွဲဝေသုံးစွဲရန် စီစဉ်ထားကြောင်း သိရသည်။

အဆင့်မြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းအမြောက်အမြား ထုတ်လုပ်နိုင်ရန် အမေရိကန်ဒေါ်လာ ငါး ဘီလီယံခန့် သုံးစွဲရန် လျာထားမည်ဖြစ်သည်။ နောက်ထပ် ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံကို ဂျပန်နိုင်ငံတွင် ခေတ်မီသော တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်ရန် ရည်ရွယ်ထားသည့် ကုမ္ပဏီများကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးဆိုင်ရာ ထောက်ပံ့မှုများကို ရေရှည်ပိုမိုခိုင်မာမှုရှိစေရန် ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံခန့် လျာထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေများကို ယခုဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ဘတ်ဂျက်တွင် ထည့်သွင်းနိုင်ဖွယ်ရှိသည်။ အစိုးရသည် ပြီးခဲ့သည့် သီတင်းပတ်က ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်သစ်တစ်ရပ်ကို တရားဝင်ထုတ်ပြန်ခဲ့သည်။

၎င်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အဆင့်မြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးအတွက် ထောက်ပံ့ရေးကွင်းဆက်များ အားကောင်းစေရန် ဆောင်ရွက်ချက်များ ပါဝင်သည်။ အစိုးရအဖွဲ့သည် ဖြည့်စွက်ဘတ်ဂျက်ဥပဒေကြမ်းကို နိုဝင်ဘာ ၉ ရက်တွင် တရားဝင်ဆုံးဖြတ်ရန် စီစဉ်ထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ 5G မိုဘိုင်းလ်ချိတ်ဆက်မှု အရေအတွက် တစ်ဘီလီယံအထိ ရှိလာနိုင်

ပေကျင်း နိုဝင်ဘာ ၈

တရုတ်နိုင်ငံ၏ 5G မိုဘိုင်းလ်ချိတ်ဆက်မှု အရေအတွက်သည် ၂၀၂၅ ခုနှစ်တွင် တစ်ဘီလီယံအထိ ရှိလာနိုင်ကြောင်း နိုင်ငံတကာ မိုဘိုင်းအော်ပရေတာအဖွဲ့ဖြစ်သည့် GSMA Ltd. ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဂျွန်ဟော့ဖ်မန်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ဂျီကျန်းပြည်နယ် ဝူရှန်းမြို့တွင် နိုဝင်ဘာ ၈ ရက်တွင် စတင်ကျင်းပသည့် ကမ္ဘာ့အင်တာနက်ကွန်ဖရင့် Wuzhen Summit ဖွင့်ပွဲအခမ်းအနားတွင် ဟော့ဖ်မန်းက အထက်ပါအတိုင်း ခန့်မှန်းပြောကြားခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် တရုတ်နိုင်ငံသည် 5G အသုံးပြုမှုကို ချဲ့ထွင်ရာတွင် အလွန်တက်ကြွစွာ လုပ်ဆောင်ခဲ့ပြီး ပိုမိုကျယ်ပြန့်စွာအသုံးပြုမှုကို တွန်းအားပေးရန်နှင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်ရန်အတွက် လုပ်ငန်းပုံစံသစ်များကို ထူထောင်ခဲ့ကြောင်းလည်း ဟော့ဖ်မန်းက ပြောကြားခဲ့သည်။


စက်တင်ဘာလကုန်အထိ တရုတ်နိုင်ငံတွင် 5G အခြေစိုက်စခန်း ၃ ဒသမ ၁၈၉ သန်းရှိပြီး စီရင်စုအဆင့်နှင့် ခရိုင်အဆင့်မြို့များ၏ မြို့ပြဧရိယာအားလုံးကို လွှမ်းခြုံထားကြောင်းသိရသည်။ ယခုအခါ တရုတ်နိုင်ငံအတွင်း နေထိုင်သူ ၁၀၀၀၀ တိုင်းသည် 5G အခြေစိုက်စခန်း ၂၂ ဒသမ ၆ ခုကို မျှဝေသုံးစွဲနေကြကြောင်း စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

GSMA Ltd. က 5G ကွန်ရက်သည် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ GDP သို့ အမေရိကန်ဒေါ်လာ တစ်ထရီလီယံနီးပါး ပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်းလည်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# တရုတ်နှင့် ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ပေကျင်း နိုဝင်ဘာ ၈



တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား ကွန်မြူနစ်ပါတီအချင်းချင်း ဆက်ဆံရေးကို မြှင့်တင်ရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အတွက် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် လီဇီနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင်နှင့် ဗဟိုကော်မတီ၏ စစ်ဆေးရေးကော်မရှင်အကြီးအကဲ ထရန်ကန်တူတို့သည် တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ နိုဝင်ဘာ ၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် အဆင့်မြင့် အဆင့်ကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်ရေး အပါအဝင် အပြန်အလှန်ယုံကြည်မှုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း လီက ပြောကြားသည်။

ထို့ပြင် တရုတ်နှင့်ဗီယက်နမ်အကြား နိုင်ငံတကာအရေးနှင့် ဒေသတွင်းအရေးကိစ္စများအပါအဝင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တရားမျှတမှု ထွန်းကားရေးတို့ကို တိကျစွာ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ထို့ပြင် တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား အုပ်ချုပ်ရေးစနစ်ဆိုင်ရာ အတွေ့အကြုံများကို ဖလှယ်ခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်အတွက်လည်း ဆွေးနွေးခဲ့ကြသည်။ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအကြား အဆင့်မြင့်တာဝန်ရှိသူများ အပြန်အလှန်စေလွှတ်ရေး၊ နိုင်ငံရေးအရ ယုံကြည်မှုမြှင့်တင်ရေး၊ စည်းမျဉ်းစည်းကမ်းချမှတ်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထရန်ကန်တူက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် ထက်ဝေယံကားဂိတ်၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်မျိုးစုံ အထည် ၁၂၀၀၊ Hyundai ယာဉ်ဘေးတံခါး သုံးခု၊ Santoor ဆပ်ပြာခွက် ၇၃၄၄ ခု၊ Roble Zayco ပါပလာခြောက် ၂၂၅၀ ကီလိုဂရမ်၊ Betnovate-Gm Cream အရေပြားလိမ်းဆေးဘူး ၆၄၀၀၊ Bolt ၇၅၀ ကီလိုဂရမ်၊ Fruit Juice ဖျော်ရည်အဆီ ပုလင်း ၂၄၀၊ K.DYNARY ဆပ်ပြာဘူး ၁၉၂၀၊ Brand ၄က်သိုက်ဘူး ၁၉၂၀၊ Beatess Candy ချိုချဉ် ၁၅၇၅ ဘူး၊ စောင် (Blanket) ၁၇၀ ကီလိုဂရမ်၊ Diclofenac Sodium & Paracetamol Tablets ဆေးဝါး ၂၄၄၈ ဘူး၊ ယာဉ်အပိုပစ္စည်းဖြစ်သည့် Major Gas Ket အခု ၃၀ နှင့် Vatika ခေါင်းလျှော်ရည်တွဲ ၆၀၈ ဖာ အပါအဝင် ကုန်ပစ္စည်း ၁၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၂၉၃၀၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီးနှင့် စက်မှုဇုန်ထုတ် NIDI Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၂၉၃၀၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## အရေးယူဆောင်ရွက်လျက်ရှိ

ထို့ပြင် နိုဝင်ဘာ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၇၁၄ တန်နှင့် သစ်မာ ၂ဒသမ၂၉၉ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၄၅၆၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ဂါလန် ၁၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၆၄၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မုံရွာမြို့ အလုံရပ်ကွက် မုံရွာ-ဘုတလင် ကားလမ်းမကြီးအနီး၌ လိုင်စင်မဲ့ Toyota Noah ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၆၄၀၀၀ ကို သိမ်းဆည်း



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပန်းသီး ၂၁၆၀ ကီလိုဂရမ်၊ လိမ္မော်သီး ၂၁၇၅၀ ကီလိုဂရမ်၊ လေချူသီး ၄၈၀၀ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Nissan Diesel Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်အတွင်းရှိ ဂိုဒေါင်များနှင့် စတိုးဆိုင်များ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင် စားဆီနှစ်လီတာပါ ဘူး ၃၀၀နှင့် တစ်လီတာပါ ဘူး ၇၈၀၊ Brand ၄က်သိုက် ၃၈၄ ပုလင်း၊ Dynamite လိမ္မော်ချိုချဉ် ခုနစ်ထုပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၄၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် မြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၅ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၁၉၉၃၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ပင်လောင်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



အုန်းကျော်(ခ)မောင်ကျော်အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီခွဲတွင် ပင်လောင်းမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု လိန်းလီကျေးရွာအနီးတွင် အုန်းကျော်(ခ)မောင်ကျော် မောင်းနှင်လာသည့် ALPHARD အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၉ ဒသမ ၆ ကီလိုကို လည်းကောင်း၊ ထိုနေ့ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ မဖြူဖြူဝင်း(ခ)မဖြူကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ၊ ဘိန်းဖြူသုည ဒသမ ၀၁ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၅၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁၁-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ သဘာဝတရားဆီသို့အလည်သွားခြင်း (စိတ်ကူးကောင်းသောစီသုကာ၄က်လေးများ)
- ၀၉:၁၅ NRC အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍများ(အပိုင်း-၁၈)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၂၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၆)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၅၆)
- ၁၆:၃၅ စွန့်ပစ်၄က်ပျောမှတန်ဖိုးမြင့်လူသုံးကုန် လက်မှုထည်များဆီသို့
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၈)

**mitv**

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:10 Atuladhipati Mahamunisacca Koe Htat Kyee Pagoda
- 07:27 Faith & Worship (Part-1)
- 07:45 A Tourist Destination Of Shan State
- 08:01 News
- 08:26 A Precious Gift from Waste
- 08:36 Topical Science Topic: Beauty of Marine Life
- 09:01 Discovering Tribes: Taisun (Their Life and Customs) (Part-2)
- 09:24 Karunar Kabar Home for the Aged (Nay Pyi Taw)
- 09:44 Products of Myanmar - Velvet Slipper
- 10:01 News

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ဝေဟင်ထက်ကဗီဝိုး၄က်ငယ်

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
သဲပုံစေတီပွဲတော်

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
မိုးနဲ့မြို့က ရှေးမူလက်ရာမပျက် ရှမ်းရိုးရာ ဆွမ်းအုပ်ကလေးများ

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ခဲ့ရိုးရာခေါင်းပေါင်း ပေါင်းနည်း

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ဒဏ္ဍာရီဆန်တဲ့ကြတ်ဂူဆီသို့

**ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
အရိုးပွရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ဝန်မြစ်ကမ်းနားကရွာသစ်ရွာကလေး

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည်

**ချင်း (လိုင်းဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
နွေးထွေးသည့်လုမ်ဘန်းရွာသို့အလည်တစ်ခေါက်

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
စွန်တောင်ရွာက ရေငန်စိမ့်စမ်းများ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍ(အပိုင်း-၁၇)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'အငွေ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ(အပိုင်း-၁၆)

**MRTV FARMERS' / FTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၂၀ အနာဂတ်ပွံ့ဖြိုးမြန်မာစိုက်မွေးပညာသင်ယူပါ လူငယ့်ဘဝတစ်သက်တာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် (ဇာတ်လမ်း)
- ၂၂:၀၀ Vintage Potato Farming in Ireland
- ၂၃:၀၀ The Young Urban Farmers Growing Tomorrow's Superfoods
- ၂၃:၃၀ How to Steer and Bury Pumpkin Vines

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ ပညာပေးဇာတ်လမ်း 'ကွဲအက်သွားသောဝန်ခွက်ကလေး'

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပူတာအိုဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ပူတာအို နိုဝင်ဘာ ၈

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် ပူတာအိုမြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ပူတာအိုမြို့ ဒုတ္တာန်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၁၇၅ သိန်းပံ့ပိုးချေးငွေဖြင့် "ထရဝပ်" မွေးမြူရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပိုင် နွားမွေးမြူရေးခြံ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပူတာအို မြို့နယ်အတွင်း လျှပ်စစ်မီးအချိန်ပြည့် လုံလောက်ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တစ်ခုအဖြစ် နမ်ထွန်ခူးကျေးရွာအတွင်းရှိ နမ့်ထွမ်ချောင်းပေါ်တွင် ဒေသအစီအစဉ်ဖြင့် ၃ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်စက်ရုံသစ် တည်ဆောက်နိုင်ရေး ချောင်းရေရရှိမှု၊ စီမံကိန်းလုပ်ငန်းအတွက် စက်ရုံတည်ဆောက်နိုင်ရေး ကွင်းဆင်းဆောင်ရွက် ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများနှင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်နှစ်ခုအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေး နမ့်ထွမ်ချောင်းပေါ်တွင် ၃ ဒသမ ၂ မဂ္ဂါဝပ်ထွက် ရေအားလျှပ်စစ်စက်ရုံတစ်ခုရှိသည့်အပြင် ယခုထပ်မံတည်ဆောက်မည့် ရေအား လျှပ်စစ်စက်ရုံသစ်နှင့် နိုင်ငံတော်အစိုးရကလည်း မူလာချောင်းပေါ်တွင် ၈ ဒသမ ၁ မဂ္ဂါဝပ်ထွက်ရှိမည့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နိုင်ရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။



ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့နယ် ပူတောင်းကျေးရွာရှိ ပူတောင်းရွာမကွင်း တောင်သူဦးသန်းနိုင်၏ အထွက်တိုးမျိုးစပါး ဆင်းကေရီ-၃ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများက တောင်သူများနှင့်အတူ မိုးစပါး စံကွက်ရိတ်သိမ်း၍ တစ်ဧကအထွက်နှုန်းတွက်ချက်မှုအခြေအနေများ၊ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြပြီး စံကွက်ရိတ်သိမ်းမှုအရ တစ်ဧက (စပါးအခြောက်) ၁၂၂ တင်းထွက်ရှိသဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးစားကြရန်နှင့် မိုးစပါးအပြီး ဆောင်းသီးထပ်သီးနှံစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေရရှိမှု အခြေအနေများကို တောင်သူများနှင့် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်အတွင်း အကွက်အမှတ်(၃)ရှိ မြေဧရိယာ ၃ ဒသမ ၃၄၄ ဧကရှိ ငါးကန်ဟောင်းများကို ငါးမွေးမြူရေးကန် အဖြစ်ပြန်လည်တူးဖော်ပြီး ဒေသတွင်း ငါးစားသုံးမှုဖူလုံရေး ငါးမွေးမြူရေးကန်နှင့် ငါးသားဖောက်ပြုလုပ် မွေးမြူဖြန့်ဝေပေးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ma Khaing Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်နေ ခိုင်ဝေလွင်အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနားနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၁၀ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၅ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၇၅ | ၂၈၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၅ | ၂၂၉၀ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၃၁၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၄၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၂၈ |
| 95 Ron | ၂၀၅၃ | ၂၁၂၇ |
| HSD (500 ppm) | ၂၀၈၈ | ၂၁၆၀ |
| HSD (50 ppm) | ၂၂၀၀ | ၂၂၇၄ |
| HSD (10 ppm) | ၂၂၀၈ | ၂၂၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရွှေပြည်သာမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၂၁) ရပ်ကွက် လိန်ကုန်းကျေးရွာ ကွင်းအမှတ်(၂၈၃) တောင်သူ ဦးညွန့်သိန်း၏ ဘောင်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း စိုက်ကွက် ၁၁ ဧကတွင် ဆင်းသုခစပါး အမျိုးအစားကို ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို တောင်သူ ဦးညွန့်သိန်း၏ လယ်မြေ၌ ကျင်းပရာ ဆင်းသုခ (RS) မျိုးစပါး အထွက်နှုန်းမှာ စပါးတစ်ဧကလျှင် စပါးအစိုအထွက်နှုန်း ၁၀၂ တင်း၊ အခြောက်အထွက်နှုန်း ၉၄ တင်း ထွက်ရှိသည်။

အဆိုပါ မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သိန်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ ဉာဏ်ဟိန်း



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ထန်းတောရပ်ကွက်ရှိ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်



**မုံရွာ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ထန်းတောရပ်ကွက်ရှိ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် အဆိုပါရပ်ကွက်ရှိ ရွှေကြာရုံဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မီးဘေးသင့်အိမ်ထောင်စုပြည်သူများအတွက် နေထိုင်ရေး၊ စားဝတ်ရေး၊ ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အားပေးစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများထံ ထောက်ပံ့ငွေများ၊ ဆန်ရိက္ခာဖိုးငွေများ၊ စားသောက်ဖွယ်ရာများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မိသားစုသုံးပစ္စည်းများ၊ ကြက်ခြေနီအသင်းက ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စုများက ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး မီးဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ မုံရွာမြို့ ထန်းတောရပ်ကွက်ရှိ မီးဘေးသင့်အိမ်ထောင်စု ၃၂ စု၊ လူဦးရေ ၁၆၁ ဦးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်အိမ်ထောင်လျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၉၆၀၀၀၀၀ နှင့် နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၃၂၈၅၆၀ နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုး ငွေကျပ် ၃၆၃၈၁၀၀ နှင့် ပစ္စည်း ၁၆ မျိုးပါ Family Kits ၃၂ ပုံး၊ ကြက်ခြေနီအသင်းက Family Kits ၃၂ ပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ပန်းတနော်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ကွင်းများနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် နိုဝင်ဘာ ၆ ရက်တွင် ပန်းတနော်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ကွင်းများနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တောင်သူများ ဝင်ငွေနှင့် လူမှုဘဝ တိုးတက်ရေး အကောင်အထည်ဖော်ရာတွင် ကန်သင်းသီးနှံကဲ့သို့ အပိုဝင်ငွေရရှိစေမည့်နည်းလမ်းများ၊ သီးထပ်စိုက်ပျိုး လုပ်ကိုင်နိုင်ရန် လိုအပ်ချက်များ ကူညီပံ့ပိုးပေးခြင်းကဲ့သို့ တစ်နှစ်ပတ်လုံး အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးပွားရေးကို စနစ်တကျအားပေးကူညီ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးပညာရှင်များနှင့် သုတေသီများက ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများ၏ အရည်အချင်းလက္ခဏာများ၊ စိုက်ပျိုးနည်းစနစ်များ၊ အပင်ပြုစုစောင့်ရှောက်ပုံများနှင့် လိုက်နာကျင့်သုံးရမည့်အချက်များကို ဆွေးနွေးတင်ပြကြသည်။



ထို့နောက် တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် မြောင်းမြမြို့ အထက(၁) ပညာရတနာခန်းမ၌ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးမည့် သစ်စိမ်းမြေဩဇာ၊ ပိုက်ဆံလျှော်မျိုးစေ့၊ ဆီထွက်သီးနှံနေကြာနှင့် မျိုးစပါးများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အခွင့်အလမ်းဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သုံးမြို့နယ်မှ တောင်သူကိုယ်စားလှယ်သုံးဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးတို့က ပိုက်ဆံလျှော်မျိုးစေ့၊ နေကြာမျိုးစေ့၊ မြေပဲမျိုးစေ့နှင့် နယူးဧရာမျိုးစပါးများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လပွတ္တာမြို့နယ် ရှမ်းစုကျေးရွာ ဆင်းသုခမိုးစပါးစံကွက် သုည ဒသမ ၁ ဧက ရိတ်သိမ်းပွဲအခမ်းအနားနှင့် မဒေါ်ပင်ကျေးရွာ မော်ဘီ-၃ မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားများသို့ တက်ရောက်အားပေးကြရာ ဆင်းသုခစပါးမျိုးမှာ တစ်ဧကလျှင် စပါးအစို ၁၅၃ ဒသမ ၆ တင်းနှုန်း၊ စပါးအခြောက် ၁၂၅ ဒသမ ၉၅ တင်းနှုန်းနှင့် မော်ဘီ-၃ စပါးမျိုးမှာ တစ်ဧကလျှင် စပါးအစို ၁၅၃ ဒသမ ၃ တင်းနှုန်း၊ စပါးအခြောက် ၁၄၅ ဒသမ ၆၇ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသ၏စိုက်ပျိုးလုပ်ကိုင်မှု၊ တောင်သူမိသားစုများ၏ လူမှုစီးပွားရေးအခြေအနေများကို ခင်မင်ရင်းနှီးစွာ မေးမြန်းပြီး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေး မြောင်းမြခရိုင်၌ တောင်သူအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်



**မြောင်းမြ နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ သီးနှံအာမခံလုပ်ငန်း ဆောင်ရွက်ရန် တောင်သူအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးက အဖွင့်အမှာစကားပြောကြားရာတွင် သီးနှံအာမခံထားရှိခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများကိုဆွေးနွေးပြောကြားခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာက Pilot စီမံချက်အရ မြန်မာ့အာမခံလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီး တာဝန်ခံက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် သီးနှံအာမခံလုပ်ငန်း အကြောင်းကို သေးစိတ် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်မန်နေဂျာများ၊ မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီးနှင့် ခရိုင်တာဝန်ခံများ၊ မြောင်းမြခရိုင်နှင့် ဝါးခယ်မ၊ အိမ်မဲမြို့နယ် လပွတ္တာခရိုင်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့ရှိ နိုင်ငံ့စီးပွားမြင့်တင်ရေးကော်မတီ ခရိုင်နှင့် မြို့နယ်အဆင့်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

# မင်္ဂလာဒုံမြို့နယ်၌ အရန်မီးသတ်မွမ်းမံသင်တန်းဖွင့်

**မင်္ဂလာဒုံ နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မီးသတ်ဦးစီးဌာနတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် လေ့ကျင့်မွမ်းမံသင်တန်း အမှတ် (၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် မီးသတ်ဦးစီးဌာန၌ ပြုလုပ်သည်။

**လေ့ကျင့်သင်ကြားပေးသွားမည်**

အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ပြောကြားသည်။ အဆိုပါသင်တန်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ အား နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တလေးပတ်ကြာ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ငပုတောမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၈**

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံ ရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ အခြေပြု၍အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှု ဆိုင်ရာရောဂါ ၂၉၇ ဦး၊ ခွဲစိတ်ရောဂါ ၆၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၉ ဦး၊ ကလေးရောဂါ ၆၀၊ အရိုးရောဂါ ၁၁၉ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၂၀၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၅ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန် ရိုက်လူနာ ၅၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၀ ၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦး စုစုပေါင်း ၉၂၁ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ ၁၁ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို နယ်မြေခံ ရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ မျက်စိခွဲစိတ်လူနာများအား ဆေးမျက်မှန်များ တပ်ဆင်ပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် ဆေးဝါးလာရောက်ကုသမှုခံယူသည့် ဒေသခံပြည်သူများအား နေ့လယ်စာကျွေးမွေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရသည်။

**ဒုတိယဗိုလ်မှူးကြီးထွန်းသူရ၊ ဒုတိယဌာနချုပ်မှူး၊ ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်**

အခမဲ့ဆေး ကုသမှုရရှိရန် ပမ္မဝတီရေတပ်စခန်းဌာနချုပ်အနေနဲ့ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) လာရောက်မယ်ဆိုတာ သိရှိရတဲ့အချိန်မှာ ကျွန်တော်တို့ ဒီဟိုင်းကြီးကျွန်းမြို့နယ် အုပ်ချုပ်ရေးအဖွဲ့နဲ့ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ကြိုတင်အကြောင်းကြားမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အလားတူ ဆေးကုသမယ့်အဖွဲ့တွေ လာရောက်ချိန်မှာ သက်သက်သာသာနဲ့ နေထိုင်နိုင်ဖို့ နေရာထိုင်ခင်းတွေ ပြင်ဆင်ခြင်းနဲ့ နေ့စဉ်လာရောက်ဆေးကုသတဲ့သူတွေကိုလည်း ဌာနချုပ်အနေနဲ့ လူ ၅၀၀ စာလောက်ကို အခမဲ့ ကျွေးမွေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါတင်မကပါဘူး ဆေးလာကုသတဲ့သူတွေ သွားရေးလာရေး အဆင်ပြေစေရေးအတွက် ဌာနချုပ်အနေနဲ့ ကားများစီစဉ်ပြီးတော့ သယ်ယူပို့ဆောင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဆေးရုံဆင်းလူနာများ ပြန်ဖို့အတွက် အခက်အခဲရှိတယ်ဆိုရင်လည်း မိမိတို့ဌာနချုပ်အနေနဲ့ သင်္ဘော၊ လှေ များစီစဉ်ပြီး ရပ်ရွာအရောက်ပြန်လည် ပို့ဆောင်စီစဉ်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ဟိုင်းကြီးကျွန်း ဒေသဟာ လမ်းပန်းဆက်သွယ်ရေးအရ ခက်ခဲတဲ့အတွက် ဒေသခံပြည်သူများအနေနဲ့ ရောဂါတစ်ခုခုဖြစ်ပြီဆိုလို့ရှိရင် ဆေးရုံတက်ရောက်ကုသဖို့အတွက် သွားရေးလာရေးမှာများစွာ အခက်အခဲ ရှိပါတယ်။ အခုလို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ (သံလွင်)နဲ့ ကျွန်တော်တို့ ဟိုင်းကြီးကျွန်းဒေသကိုလာရောက် ဆေးကုသပေးတဲ့အတွက် ဒေသခံပြည်သူများ ကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့တကွ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြား လိုပါတယ်။



ဒုတိယဗိုလ်မှူးကြီးထွန်းသူရ



မစန်းစန်းအေး

**မစန်းစန်းအေး၊ ကျုံကူးကျေးရွာ ဟိုင်းကြီးကျွန်းမြို့**

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့ဟာ ဟိုင်းကြီးကျွန်းမြို့ကို လာရောက်ဆေးကုသတယ်ဆိုတဲ့ သတင်းကြားလို့ လာရောက်ဆေးကုသခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့ရောဂါက နှစ်နှစ်လောက်ရှိပါပြီ။ ကျွန်မရဲ့ရောဂါက အသားလုံးရှိတဲ့အတွက်ဆရာဝန်ကြီးတွေနဲ့ပြကြည့်တဲ့အခါမှာ ဆရာဝန်ကြီးတွေက ခွဲစိတ်ဖို့ ပြောပါတယ်။ အဲဒီအချိန်မှာ ကျွန်မအနေနဲ့ ရုတ်တရက်သိလိုက်ရတဲ့အချိန်မှာ အလွန်စိတ်လှုပ်ရှားနေပါတယ်။ ဆရာဝန်ကြီးတွေက နွေးထွေးစွာကြိုဆိုပြီး ဘာမှ မဖြစ်ဘူး။ ခွဲစိတ်မှုအောင်မြင်မှာပါ။ မစိုးရိမ်ပါနဲ့ ဆိုပြီး နွေးနွေးထွေးထွေးပြောဆိုခဲ့တဲ့အတွက် ကျွန်မအနေနဲ့ အလွန်အားရှိသွားပါတယ်။ ကျွန်မကြောက်နေမှန်း သိတော့ ဆရာဝန်ကြီးတွေက မကြောက်ဖို့အားပေးစကားပြောတယ်။ တကယ်တမ်း ခွဲစိတ်လိုက်တဲ့အခါမှာ ဆရာဝန်ကြီးတွေရဲ့အပြုံးမျက်နှာ၊ နွေးနွေးထွေးထွေးနဲ့ ဆက်ဆံမှုကို မြင်လိုက်တဲ့အခါ ကျွန်မရဲ့ရောဂါဟာ ယူပစ်သလို ပျောက်ကင်းသွားတယ်လို့ခံစားရပါတယ်။ အဲဒီအတွက်လည်း ဆရာဝန်ကြီးအားလုံးကို ကျေးဇူးတင်မိပါတယ်။ ဟိုးအရင်တုန်းကဆိုရင် ကျွန်မတို့ရွာမှာ ငွေရေးကြေးရေး အခက်အခဲကြောင့် မသေသင့်ဘဲသေသွားတဲ့သူလည်းရှိပါတယ်။ အဲဒီအတွက်လည်း ကျွန်မစိတ်ထဲမှာ အလွန်ကိုခံစားရပါတယ်။ စိတ်မကောင်းလည်း အလွန်ဖြစ်မိပါတယ်။ အခုလိုတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျွန်မတင်မဟုတ်ဘူး ဒေသခံပြည်သူအားလုံးကို လူမျိုးမရွေး၊ ဘာသာမရွေး တစ်စိတ်တည်း၊ တစ်ဝမ်းတည်းနွေးနွေးထွေးထွေးနဲ့ကုသပေးတဲ့အတွက် ကျွန်မအနေနဲ့ အရမ်း ကျေးဇူးတင်ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ရွာက ဆေးလာကုဖို့အခက်အခဲဖြစ်နေတဲ့ ဒေသခံပြည်သူတွေကို သွားရေးလာရေးကိုအကြိုအပို့လုပ်ပေးတဲ့အပြင် ထမင်းလည်း ကျွေးတယ်။ ဆေးလည်းအလကားပေးတယ်။ ခွဲစိတ်တဲ့လူနာတွေအတွက်လည်းမေတ္တာစေတနာနဲ့ကုသပေးတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မရဲ့ ရောဂါက အပြင်မှာကုမယ်ဆိုရင် ပိုက်ဆံအများကြီးကုန်မှာ ကျွန်မအနေနဲ့ လည်းမတတ်နိုင်ဘူး။ အခုလို နယ်လှည့်ဆေးကုသရေးအဖွဲ့နဲ့ အောင်မြင်စွာ ကုသပေးတဲ့အတွက်ကျွန်မအနေနဲ့ဝမ်းမြောက်ဝမ်းသာ ကြည်နူးမိပါတယ်။ အခုလို ကျွန်မလိုရောဂါတွေပျောက်အောင်စေလွှတ်ပြီးစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို အလွန်ကျေးဇူးတင်မိပါတယ်။ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ဟာ ဆေးကုသပေးတဲ့အပြင် နောက်ထပ်ဒေသခံပြည်သူတွေအားလုံးကိုလည်း မကြာမကြာလာရောက် ဆေးကုသပေးပါလို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။ **သတင်းစဉ်**



နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ငပုတောမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ဥက္ကံမြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကံကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဟသ်ာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးသည်။

**စစ်ဆေးကုသပေး**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၈၉ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ လိုအပ်သော ကျန်းမာရေးစောင့်ရှာက်မှုများ ဆောင်ရွက်ပေးရာ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ စုစုပေါင်း ၃၅၈ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါ ရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချို/ သွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုစစ်ဆေးခြင်းနှင့် သွေးလွန်တုတ်ကွေးရောဂါအကြောင်း ကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့ ဥက္ကံမြို့ ကံကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း နိုဝင်ဘာ ၈

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ဆီအုန်း တန် ၁၂၀၊ ပလာတူးခက် ၅၆၇ ဒသမ ၄၅ တန်၊ ဘောင်းကြေးငါး ၆၂ ဒသမ ၇၆ တန်၊ ငါးမဲလုံး ၁၀၅၈၃ ဒသမ ၂၀ တန်၊ ငါးချဉ်ပေါင် ၄ ဒသမ ၃၂၀ တန်၊ ငါးဇင်းပြား ၁၅ ဒသမ ၁၂၀ တန်၊ တာဝမ်ငါး ၂၁ ဒသမ ၅၉၀ တန်၊ လိုင်းဝါငါး ၁၃ ဒသမ ၇၆၀ တန်၊ ငါးနီငယ် ၃၆ ဒသမ ၃၃၀ တန်နှင့် ငါးဝိုင်း ၄ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ဒီဇယ် တန် ၈၀၀ နှင့် ဓာတုဗေဒပစ္စည်း ၇၂ တန်ဖြစ်ကြောင်း သိရသည်။

# မောတောင်ကုန်သွယ်ရေးစခန်းမှ သစ်သီး ၁ ဒသမ ၅ တန် တင်သွင်း

မောတောင် နိုဝင်ဘာ ၈

မောတောင်ကုန်သွယ်ရေးစခန်း အနေဖြင့် နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၅၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၀၄ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၅၉ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၆၃ တန်၊ ရွှံ့ကဏန်း (အရှင်) ၃ ဒသမ ၉၅ တန်၊ ဂျင်းခရု(အရှင်) ၁၀ ဒသမ ၂ တန်၊ ကဏန်း(အသေ) ၄ ဒသမ ၁၅ တန်၊ ရေခူဆားနယ် ၁၄ ဒသမ ၆ တန်၊ ကျောက်ပုစွန်(အရှင်) သုည ဒသမ ၂၄ တန်၊ ငှက်ပျောသီး ၄၅ တန်၊ ငရုတ်သီးစိမ်း ၈ ဒသမ ၇ တန် တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တင်သွင်းမှုအနေဖြင့် သစ်သီး ၁ ဒသမ ၅ တန် တင်သွင်းခဲ့သည်။

# ရွှေဘိုခရိုင်အတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

ရွှေဘို နိုဝင်ဘာ ၈

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ နိုဝင်ဘာလပထမပတ်တွင် စပါး၊ ဆန် ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသ



ကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ အောက်တိုဘာလနောက်ဆုံးပတ်တွင် ရန်ကုန်သို့အိတ်ရေ ၁၉၅၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇၈၀၀၊ နေပြည်တော်သို့ အိတ်ရေ ၃၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၂၀၀၀၊ ရှမ်း(မြောက်) သို့ အိတ်ရေ ၂၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၅၀၀ စုစုပေါင်းအိတ်ရေ ၄၅၈၀၀ (တန် ၂၂၉၀) စီးထွက်ခဲ့ပြီး နိုဝင်ဘာလဒုတိယပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၅၇၅၀၊ မန္တလေးသို့ အိတ်ရေ ၁၇၀၀၅၊ နေပြည်တော်သို့ အိတ်ရေ ၃၂၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၂၄၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀၊ ကယားသို့ အိတ်ရေ ၄၀၀ စုစုပေါင်းအိတ်ရေ ၃၉၇၅၅ (၁၉၈၈ တန်) စီးထွက်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလပထမပတ်တွင် ရွှေဘိုမြို့၌ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# မွန်ပြည်နယ်၌ ပဲမျိုးစုံဈေးနှုန်းများ အနည်းငယ်မြင့်တက်

မော်လမြိုင် နိုဝင်ဘာ ၈

မွန်ပြည်နယ်ပဲဈေးကွက်၌ နိုဝင်ဘာလဆန်းပိုင်းတွင် ပဲဈေးနှုန်းများအနေဖြင့် ပဲတီစိမ်း(ရွှေဝါ) တစ်တင်းလျှင် ကျပ် ၇၀၀၀၀၊ ပဲတီစိမ်း (ရိုးရိုး) တစ်တင်းလျှင် ကျပ် ၅၉၀၀၀၊ မတ်ပဲ တစ်တင်းလျှင် ကျပ် ၉၃၀၀၀၊ ပဲလွမ်းဖြူ တစ်တင်းလျှင် ကျပ် ၄၄၅၀၀၊ ဗိုလ်ကိတ်ပဲ တစ်တင်းလျှင် ကျပ် ၄၈၅၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

အောက်တိုဘာလ နောက်ဆုံးပတ်တွင် ဈေးနှုန်းများမှာ ပဲတီစိမ်း (ရွှေဝါ) တစ်တင်းလျှင် ကျပ် ၆၈၀၀၀၊ ပဲတီစိမ်း(ရိုးရိုး) တစ်တင်းလျှင် ကျပ် ၅၈၀၀၀၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၈၆၀၀၀၊ ပဲလွမ်းဖြူ တစ်တင်းလျှင် ကျပ် ၄၄၅၀၀၊ ဗိုလ်ကိတ်ပဲ တစ်တင်းလျှင် ကျပ် ၄၈၅၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၆၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။



# မုံရွာမြို့နယ် ကွမ်းဈေးကွက်



မုံရွာ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ကွမ်းဈေးနှုန်းမှာ အောက်တိုဘာလတွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၃၀၀၀ ဈေးနှုန်းရရှိပြီး နိုဝင်ဘာလ (ပထမပတ်)တွင် အရည်အသွေးပေါ်မူတည်၍ ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၆၅၀၀ ဈေးနှုန်းဖြင့် ရောင်းချရကြောင်း သိရသည်။ ■

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ၈-၁၁-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၆၃၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၄၀၀ | ၁၆၅၀၀ | ၄၉၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၃၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၅၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၄၄၀၀ | ၁၆၀၀၀ | ၄၈၆၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၈၇၀၀ | ၈၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၅၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၈၀၀ | ၄၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၄၅၀၀ | ၁၇၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၄၃၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၀၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၇၀၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၅၀ | ၇၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၂၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၂၀၀ | ၁၅၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | | ၆၅၀၀ | ၄၅၀ | ၈၅၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၅၀၀၀ | ၄၉၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၅၀၀၀ | ၄၉၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | | ၁၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ပေါ်ဆန်းဆန် တစ်ပြည်လျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာတွင် ၂၀၀ကျပ်၊ ပြည်တွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ်၊ မကွေးတွင် ၃၀၀ ကျပ်၊ နေပြည်တော်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်၊ ပုသိမ်၊ ပြည်နှင့် ပျဉ်းမနားတွင် ၁၀၀၀ကျပ်၊ မကွေးနှင့် နေပြည်တော်တွင် ၂၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၀၀၀ကျပ်၊ မန္တလေးတွင် ၃၀၀၀ကျပ်၊ မကွေးတွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် ရန်ကုန်တွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ရန်ကုန်၊ မကွေး၊ နေပြည်တော်၊ ပဲခူးနှင့် ကလေးတွင် ၃၀၀ကျပ်၊ ပုသိမ်၊ ပခုက္ကူနှင့် ပျဉ်းမနားတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ကျပ်၊ ကျိုင်းတုံတွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ၄၀ကျပ်၊ ထားဝယ်တွင် ၁၅၀ကျပ် ဈေးကျခဲ့ပါသည်။



## သီလဝါဆိပ်ကမ်းလမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေး ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်း လမ်းမကြီးသို့သွားရောက်၍ လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်စေရေးအတွက် ဝန်ထမ်းများ ပူးပေါင်းအင်အားဖြင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ပင်များအောက်တက်ရှင်းခြင်း၊ အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းအလင်းဖွင့်ခြင်း၊ လမ်းဘေးပခုံးသားများ မြေညှိစက်ဖြင့်မြေညှိပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သန်လျင်ဖန်ချက်စက်ရုံရှေ့ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်ကာလအတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ် ၃/ရန်ပြေ ရပ်ကွက် ယမုံနာလမ်းရှိ သာ/၁ ရေစက်ဝင်းအတွင်း ရေဂါလန်နှစ်သိန်းဆံ့ ရေစုကန်တည်ဆောက်ပြီးစီးမှု၊ ရေတွန်းစက်သုံးလုံး ထားရှိရန်အတွက် ရေတွန်းစက်ရုံ တည်ဆောက်ထားရှိမှုနှင့် ဒဂုံမြို့နယ် အလုံလမ်းနှင့် ပြည်လမ်းထောင့်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့ ဂိတ်(၄)ဝင်ပေါက်အထိ အစိုးရအဖွဲ့ရုံးဘက်ခြမ်းတွင် လမ်းသားတိုးချဲ့ကွန်ကရစ်ခင်းကျင်းနေမှုနှင့် လူသွားစင်္ကြံခင်းကျင်းရန် ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းတုံမြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ပေးအပ်ပွဲကျင်းပ

**မိုင်းတုံ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း (RBF) စီမံကိန်းဝင် ဟိုပန်ကျေးရွာအုပ်စု စမ်းသီတာ(၅)မိုင်ကျေးရွာသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



**အမှာစကားပြောကြား**

ဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် မိုင်းတုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်မိုးတို့က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စမ်းသီတာ(၅)မိုင်ကျေးရွာမှ ကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **၂၂၂**

## ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ်သန်း ၂၀၀ ပံ့ပိုးငွေရယူ၍ ပွင့်ဖြူမြို့နယ် စံပြကျေးရွာရှိ ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်တွင် GW- 11 စပါးမျိုးဧက ၄၀၊ ဆာဖိုးသာစပါးမျိုး ဧက ၆၀၊ ပေါ်ဆန်းရင်ဧက ၁၀၀၊ မင်းဘူး(စကု)မြို့နယ် ကျောက်စံကျေးရွာ၌ GW- 11 စပါးဧက ၁၀၀၊ ရေမင်းစပါးဧက ၂၀၀ တို့ကို ခြောက်တန်း တစ်တန်းလှပ် စနစ်ဖြင့် စိုက်ပျိုးထားရှိသည်။

အသင်းမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းရန်ပုံငွေ ရယူဆောင်ရွက်ခြင်းဖြင့် အသင်းဝင်တောင်သူများသာမက Contract Farming စနစ်ဖြင့် ဆောင်ရွက်နေသောတောင်သူများ အဆင့်မီစပါးမျိုးများ ရရှိနိုင်ရေးအတွက် GW- 11၊ ဆာဖိုးသာ၊ ပေါ်ဆန်းရင်၊ ရေမင်းစပါးမျိုးများကို ကြိုတင်ထုတ်ပေးခြင်း၊ မျိုးစေ့ထုတ်လုပ်မှုနည်းပညာများ ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးထွန်ယက်ချိန်တွင် မြေယာပြုပြင်ရန်အတွက် လိုအပ်သော စိုက်ပျိုးစရိတ်များကို ကြိုတင်ထုတ်ပေးခြင်း၊ မြေဩဇာနှင့် ပိုးသတ်ဆေးများကို သီးနှံပေါ်ပေးစနစ်ဖြင့် ကူညီပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းကောင်းများကို မျှဝေဆောင်ရွက်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်သည်။

ထို့ပြင် စပါးရိတ်သိမ်းပြီးပါက ထွက်ရှိလာမည့် မျိုးစပါးအစိုများကိုလည်း ကာလပေါက်ဈေးဖြင့် ပြန်လည် ဝယ်ယူပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သံတွဲမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**သံတွဲ နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက သံတွဲမြို့နယ် အလယ်ရွာကျေးရွာ ကွင်းအမှတ် (၁၄၆)ရှိ တောင်သူ ဦးကျော်မင်းလွင်၏ ဧက ၁၅၀ တစ်ဧက တင်း ၁၀၀ GW-11 မိုးစပါးစိုက်ခင်း သုည ဒသမ ၁၀ ဧက ရိတ်သိမ်းရာ အစိုအထွက် ၁၅၇ ဒသမ ၅ တင်းထွက်ရှိပြီး အခြောက် ၁၃၈ တင်း ထွက်ရှိခဲ့ကြောင်း သံတွဲမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။



အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် အဖွဲ့ဝင်များ၊ သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းခိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးဦးညိုဝင်းနှင့် ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## မာန်အောင်မြို့နယ်၌ မြို့နယ်အဆင့် မိုးစပါးစံကွက်ရိတ်သိမ်း

**မာန်အောင် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ မြို့နယ်အဆင့် မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၇ နာရီခွဲက မျှော်တော်ဦးကျေးရွာအုပ်စု အကျိုးဆောင်တောင်သူဖြင့် RS to CS မျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀ ၌ ပြုလုပ်သည်။

**အစိုအထွက် ၈၅ တင်းထွက်ရှိ**

ထိုသို့ ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်းပြီး RS to CS မျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀ အနက်မှ တောင်သူဦးဖိုးတုတ်၊ ကွင်းအမှတ်(၈၄၆/က)၊ ဦးပိုင်အမှတ်(၁၅)၏ လယ်မြေ နှစ်ဧကတွင် မြို့နယ်အဆင့် မျိုးစပါးစံကွက် သုည ဒသမ ၁၀ အရွယ်အား ဆင်းသုခ မျိုးစပါးကို စံကွက်ရိတ်သိမ်းပွဲ ဆောင်ရွက်ရာတွင် အစိုအထွက် ၈၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# စွမ်းဆောင်ရည်မြင့်မားရေးနှင့် အသိပညာပြန့်ပွားရေးမှသည် လက်တွေ့အသုံးချရေးဆီသို့

**ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရေး**

ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထိုသို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဟု ဆိုရာတွင် နိုင်ငံအတွင်းရှိ ပြည်သူများအားလုံးနှင့် သက်ဆိုင်သဖြင့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပြည်သူအားလုံးကို လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အစိုးရဌာနဆိုင်ရာဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေးသည် အခြေခံအကျဆုံးဖြစ်၍ နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိပညာပြန့်ပွားရေးကို အခြေခံ၊ အလယ်အလတ်၊ အဆင့်မြင့်၊ ဌာနအကြီးအမှူးများအဆင့်အထိ အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိပညာပြန့်ပွားရေးသင်တန်းများသည် ဌာနဆိုင်ရာဝန်ထမ်းများ စွမ်းဆောင်ရည်အသိပညာ စဉ်းစားတွေးခေါ်ဆုံးဖြတ်မှုတို့ကို မြှင့်တင်ပေးပါသည်။ ထို့ပြင် မိမိဌာနဝန်ထမ်းများအား အသိပညာပြန့်ပွားရေးအတွက် ပြန်လည်မျှဝေနိုင်ရုံသာမက လက်တွေ့အသုံးချခြင်းဖြင့် မိမိဌာနလုပ်ငန်းခွင် ဖွံ့ဖြိုးတိုးတက်စေနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထိ စွမ်းဆောင်နိုင်မည်ဖြစ်ပေသည်။

အချို့ဝန်ထမ်းများသည် သင်တန်းတက်ရောက်ရန် ငြင်းဆန်လိုကြသည်။ မိမိမရှိလျှင် လုပ်ငန်းတာဝန်များ အခက်အခဲဖြစ်ပေါ်နိုင်သည်ကို စိုးရိမ်၍လည်းကောင်း၊ အချို့မှာ ဝန်ထမ်းမှ သင်တန်းတက်ရောက်လိုသော်လည်း ဌာနကအကြောင်းကြောင်းကြောင့် စေလွှတ်မှုမရှိ၍လည်းကောင်း သင်တန်းတက်ရောက်ရန် အခွင့်အရေး မရသည်များလည်း ကြားသိရပါသည်။ မည်သည့်ဌာန၊ မည်သည့်လုပ်ငန်းခွင်တွင်မဆို ဝန်ထမ်းတစ်ဦးသည် ရုတ်တရက် ကွယ်လွန်ခြင်း၊ လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသည့်အခြေအနေအထိ ကျန်းမာရေး ဆိုးရွားသွားခြင်း၊ ပင်စင်ယူခြင်းတို့ ကြုံတွေ့ရမည်ဖြစ်သဖြင့် ဤသို့သော အခြေအနေများတွင် လုပ်ငန်းခွင်တွင် ကျန်ရှိသူနှင့်သာ အလုပ်ဖြစ်အောင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိလုပ်ငန်းတာဝန်ဆောင်ရွက်မှုကို အထောက်အကူဖြစ်စေမည့် သင်တန်းများ တက်ရောက်ခြင်းကို ကိုယ်တိုင်ကျေနပ်စွာ လက်ခံနိုင်ရမည်ဖြစ်သကဲ့သို့ မိမိလက်အောက်လုပ်ဖော်ကိုင်ဖက်၊ မိမိအထက်ဝန်ထမ်းများ သင်တန်းတက်ရောက်ရေးကို အားပေးကူညီရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်မ၏ ဝန်ထမ်းဘဝတစ်လျှောက် တက်ရောက်ခဲ့ဖူးသော သင်တန်းများနှင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ပုံ၊ အကျိုးရှိပုံတို့ကို မျှဝေလို၍ ဤဆောင်းပါးကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။




ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၀)မှ သင်တန်းသား သင်တန်းသူများ။

**စည်ပင်ဦးစီးဌာနဝန်ထမ်းဘဝနှင့်**
**သင်တန်းအတွေ့အကြုံများ**

ကျွန်မသည် သင်တန်းတက်ရောက်ရခြင်းကို လွန်စွာစိတ်ဝင်စားသူတစ်ဦးဖြစ်ပြီး မိမိဝန်ထမ်းသက်တမ်းတစ်လျှောက် ၃၅ နှစ်နီးပါးတွင် တက်ရောက်ခဲ့ရသည့် သင်တန်းများကို ပြန်လည်စဉ်းစားကြည့်သောအခါ နေရာဒေသ၊ အတွေ့အကြုံနှင့် ဘာသာရပ်များမတူကွဲပြားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

**စာရင်းစစ်ချုပ်ရုံး၊ လေ့ကျင့်သင်ကြားရေးနှင့်သုတေသနဌာနတွင် ၂၇-၄-၁၉၉၂ ရက်နေ့မှ ၃၁-၇-၁၉၉၂ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂)**၊ ဤသင်တန်းကို တက်ရောက်ခြင်းအားဖြင့် ဦးစီးဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများ၏ စာရင်းထားသိုနည်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်းများ၊ အစိုးရဌာန အဖွဲ့အစည်းအသီးသီးအား စာရင်းစစ်ဆေးရမည့် လုပ်ငန်းလမ်းညွှန်များ သိရှိခဲ့ရပြီး စာရင်းစစ်တာဝန်ထမ်းဆောင်စဉ်မှ ယနေ့အထိ အသုံးချလျက်ရှိပါသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ၃-၅-၁၉၉၆ ရက်နေ့မှ ၃-၆-၁၉၉၆ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် **အရာရှိကြီးများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂)**၊ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတွင် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု စသည့်ဘာသာရပ်များအဖြစ် အခြေခံစစ်ရေးပြ၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်အောင် လက်တွေ့လေ့ကျင့်ပေးမှုများ လေ့လာခဲ့ရပါသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ၁၅-၃-၁၉၉၉ ရက်နေ့မှ ၈-၄-၁၉၉၉ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် ဘဏ္ဍာရေးစည်းမျဉ်း အထူး သင်တန်းအမှတ်စဉ်(၈)**၊ ဤသင်တန်းတွင် စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်စာရင်းရှင်၊ ငွေလုံးငွေရင်းစာရင်းရှင်၊ ငွေရေးကြေးရေးစာရင်းရှင်အရပ်ရပ် အခွင့်အရေးလိုင်စင်စာရင်းရှင်များ ဖွင့်လှစ်ဆောင်ရွက်မှု၊ ပုံစံစည်ပင်များဖြင့် ငွေစာရင်းထိန်းသိမ်းဆောင်ရွက်မှု၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေသုံးငွေ ဘတ်ဂျက်ရေးဆွဲဆောင်ရွက်မှုများ လေ့လာသိရှိခဲ့ရပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ၂၂-၆-၁၉၉၉ ရက်နေ့မှ ၂၄-၉-၁၉၉၉ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် အခြေခံဝန်ထမ်းလောင်းသင်တန်းအမှတ်စဉ် (၁၅၀)**၊ ဤသင်တန်းတွင် ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စီးပွားရေးဘာသာရပ်၊ စီမံခန့်ခွဲရေးဘာသာရပ်တို့ ပါဝင်ခဲ့ပြီး ထူးခြားချက်မှာ အခြေခံစစ်ရေးပြဘာသာရပ်တွင် စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည်အထိ သင်ကြားလေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပါသည်။ သေနတ်ပစ်လေ့ကျင့်မှု ပါဝင်သည့်အပြင် ရိက္ခာပစ္စည်းအပြည့်အစုံဖြင့် ချီတက်ခြင်းတို့လည်း ပါဝင်ပေသည်။ ငယ်စဉ်က ဘင်ခရာသင်တန်း၊ ကြက်ခြေနီသင်တန်းတို့တွင် စစ်ရေးပြလေ့ကျင့်ဖူးသည်ဖြစ်ရာ စစ်ရေးပြသင်ခန်းစာသည် မိမိအတွက် အထူးအဆန်းမဟုတ်သော်လည်း သေနတ်ပစ်နှင့် ရိက္ခာအပြည့်အစုံနှင့် ရည်မှန်းချက်သို့ လက်တွေ့ချီတက်ခြင်းသည် အလွန်စိတ်ဝင်စားပျော်ရွှင်ဖွယ်ဘာသာရပ်များ ဖြစ်ပေသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ၂-၁၀-၂၀၀၀ ရက်နေ့မှ ၂၄-၁၁-၂၀၀၀ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၇)**၊ စည်ပင်သာယာရေးဦးစီးဌာန၏ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက် အသေးစိတ်သင်ကြားပို့ချ၍ အပတ်စဉ် စာမေးပွဲစစ်ကာ သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ အရာထမ်းအဆင့်မြင့်ရာထူးများကို ဤသင်တန်းတက်ရောက်ပြီးမှ ဖြေဆိုခွင့်ပေးခဲ့ပါသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် ၂၂-၉-၂၀၀၈ ရက်နေ့မှ ၁၂-၁၂-၂၀၀၈ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၈)**၊ ဤသင်တန်းတွင် စည်ပင်သာယာရေးဦးစီးဌာန လုပ်သက်ရင့် အမှုဆောင်အရာရှိများ၊ စီမံခန့်ခွဲရေးဝန်ထမ်းများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လုပ်သက်ရင့်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးအပါအဝင် လူငယ်အရာထမ်းများ ရောနှော၍ အတွေ့အကြုံဖလှယ်ကာ ဆွေးနွေးမှုများ ဦးစားပေးသင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ဝါရင့်အစ်ကိုကြီး အစ်မကြီးများ၏ အတွေ့အကြုံများကို တစ်ထိုင်တည်း ရရှိခဲ့ပါသည်။

**ကျေးလက်ဦးစီးဌာန ဝန်ထမ်းဘဝ**
**သင်တန်းအတွေ့အကြုံ**

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၂၇-၆-၂၀၂၂ ရက်နေ့မှ ၁၉-၈-၂၀၂၂ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၀)**၊ ဤသင်တန်းမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်တူများမှ အရာရှိကြီး ၂၁ ဦး တက်ရောက်ခဲ့သော သင်တန်းဖြစ်ပြီး အထက်မြန်မာပြည် ဖိုးပင်ကြီး၌ တက်ရောက်ခဲ့ခြင်းဖြစ်ပါသည်။

လုပ်ငန်းခွင်တွင် စဉ်ဆက်မပြတ် လုပ်ကိုင်နေရာမှ သင်တန်းတွင် သင်တန်းသူအဖြစ် သက်ဆိုင်ရာဘာသာရပ်များ လေ့လာခဲ့ရပြီး ဌာနအသီးသီးမှ သင်တန်းတက်ရောက်လာသူများ၊ သင်တန်းမှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအားလုံးနှင့်လည်း ရင်းနှီးကျွမ်းဝင်ခွင့်ရခဲ့ပြီး မောင်နှမအရင်းအချာပမာ အသိမိတ်ဆွေများ တိုးပွားခဲ့ပါသည်။ အပြန်အလှန်ဆွေးနွေးမှုများကြောင့် ဌာနအသီးသီး၏ လုပ်ငန်းစဉ်များ၊ မိမိဌာနနှင့် ဆက်စပ်သည့် အသိပညာဗဟုသုတများ များစွာရရှိခဲ့ပါသည်။ သင်ကြားခဲ့သည့် ဘာသာရပ်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့လုပ်ငန်းခွင်နှင့် ဌာနတွင်းသင်တန်းများ ပို့ချရာတွင် အသုံးပြုလျက်ရှိပါသည်။

**ဥပဒေအသိပညာပြန့်ပွားရေး**

**ယခုနောက်ဆုံးတက်ခဲ့သော သင်တန်းမှာ ဥပဒေရေးရာဝန်ကြီးဌာန၌ ၈-၆-၂၀၂၃ ရက်နေ့မှ ၁၉-၈-၂၀၂၃ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၃)** ဖြစ်ပါသည်။ ဤသင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစနစ်နှင့် ဖက်ဒရယ်စနစ်အကြောင်း၊ မြန်မာနိုင်ငံဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့၏ ဆက်နွှယ်မှုများ၊ နိုင်ငံ၊ အချုပ်အခြာအာဏာ၊ တရားဝင်မှုနှင့် **စာမျက်နှာ ၂၁ သို့** ☆

❖ **မိမိလုပ်ငန်းတာဝန်ဆောင်ရွက်မှုကို အထောက်အကူဖြစ်စေမည့်သင်တန်းများ တက်ရောက်ခြင်းကို ကိုယ်တိုင်ကျေနပ်စွာ လက်ခံနိုင်ရမည်ဖြစ်သကဲ့သို့ မိမိလက်အောက် လုပ်ဖော်ကိုင်ဖက်၊ မိမိအထက်ဝန်ထမ်းများ သင်တန်းတက်ရောက်ရေးကို အားပေးကူညီရမည်**

❖ **တစ်ဦးနှင့်တစ်ဦး အခြေခံပညာအရည်အချင်း၊ တက်ရောက်ခဲ့သည့်သင်တန်းများ၊ လက်တွေ့ဆောင်ရွက်ဖူးသည့် လုပ်ငန်းနယ်ပယ်များ မတူညီကြ၍ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍတွင် တစ်ဦးနှင့်တစ်ဦး တူညီနိုင်မည်မဟုတ်ပေ။ သို့သော် မိမိထက်သာလွန် စွမ်းဆောင်ရည်မြင့်မားသောဝန်ထမ်းများ ပေါ်ထွက်လာအောင် မိမိတို့ တာဝန်ထမ်းဆောင်ခွင့်ရခိုက် အချိန်မီလေ့ကျင့်ပေးရင်း လက်တွဲခေါ်ယူ ပူးပေါင်းဆောင်ရွက်**

# (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၈**

(၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ)ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူဟော်ကီအားကစားကွင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဟော်ကီပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်းငါးသင်းဖြင့် အောက်တိုဘာ ၂၄ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၂- ၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပပြုရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

**ကျင်းပသွားမည်**

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၀ ဖြင့် နိုဝင်ဘာ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

✰ စာမျက်နှာ ၂၀ မှ

တရားစီရင်ပိုင်ခွင့်အပေါ် အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် ဥပဒေရှုထောင့်တို့မှ လေ့လာခြင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများအကြောင်း၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာကိစ္စများ၊ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများနှင့် မမျှော်မှန်းနိုင်သည့် ဖြစ်ရပ်ဆိုင်ရာ စည်းကမ်းချက်များ၊ အထွေထွေ ဥပဒေအကြံဉာဏ်ပေးရေး ဘာသာရပ်၊ ဥပဒေပြုအဖွဲ့အစည်းနှင့် ဥပဒေပြုအာဏာ၊ ဥပဒေမူကြမ်းစိစစ်ရေးဆွဲရေးနည်းလမ်းများ၊ တစ်ဆင့်ခံဥပဒေရေးဆွဲရေးနည်းလမ်းများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းနည်းလမ်းများ၊ စာဖတ်နည်း၊ စဉ်းစားတွေးခေါ်နည်း၊ စာရေးနည်းနှင့် ဥပဒေရေးဆွဲနည်း အနုပညာ၊ ပြစ်မှုဆိုင်ရာဥပဒေများအကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ တားမြစ်စေ စာချွန်တော်အမိန့်စသည့် စာချွန်တော်အမိန့်များအကြောင်း၊ အစိုးရ သို့မဟုတ် ရာထူးအလျောက် ဆောင်ရွက်ရသည့် ပြည်သူ့အရာထမ်းများက စွဲဆိုသည့် တရားမမှုများနှင့် ဥပဒေဆိုင်ရာ အထွေထွေကိစ္စရပ်များကို သင်ကြားခဲ့ရပါသည်။ ဘာသာရပ်ပါ အကြောင်းအရာများသည် တက်ရောက်သည့် သင်တန်းသားများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိပြီး လုပ်ငန်းခွင်တွင် အသုံးပြုရမည့် ဥပဒေပိုင်းဆိုင်ရာ အတွေးသစ်များ၊ အမြင်သစ်များ ရရှိစေခဲ့ပါသည်။

ဥပဒေမူကြမ်းရေးဆွဲခြင်းဘာသာရပ်ကို ပို့ချသောအခါ မိမိတို့ဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ရေးဆွဲချိန်ကို အထူးသတိရမိပါသည်။ အဆိုပါဥပဒေရေးဆွဲစဉ်က ဤပညာရပ်ကို သိခဲ့လျှင် ပိုမိုလွယ်ကူ ထိရောက်မြန်ဆန်မည်ဟု သုံးသပ်မိပါသည်။ မိမိတို့ဌာနအနေဖြင့် ခိုင်မာသည့် ဌာနတစ်ခုအဖြစ် ရပ်တည်နိုင်အောင် ဥပဒေရေးဆွဲရေးအလုပ်သည် မဖြစ်မနေ ဆောင်ရွက်ရမည့် အလုပ်ဟု တစ်ဌာနလုံးအနေဖြင့် ခံယူ၍ အားသွန်ခွန်စိုက် တစိုက်မတ်မတ် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ဥပဒေနှင့်ပတ်သက်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပညာသင်ယူစဉ်က ကူးသန်းရောင်းဝယ်မှုဆိုင်ရာဥပဒေ၊ ပဋိညာဉ် စာချုပ်စာတမ်းတို့သင်ယူခဲ့ရပြီး ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဖွင့်လှစ်သည့် Diploma Of Business Law တွင် စီးပွားရေးဆိုင်ရာဥပဒေများ၊ စာချုပ်စာတမ်းများ သင်ယူခဲ့ရပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ရေးဆွဲခဲ့စဉ်က ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာနနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ သက်ဆိုင်ရာကော်မတီများနှင့် ဥပဒေကြမ်းကော်မတီများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အသီးသီးတို့တွင် ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ကြိမ်ပြုလုပ်ပြီး ငါးနှစ်ခန့်အကြာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဥပဒေမူကြမ်းရေးဆွဲရေးနှင့် ပတ်သက်၍ လက်တွေ့ဆွေးနွေးအကြံပြုချက်များကို On Job Training အနေဖြင့် သင်ယူလေ့လာပြီး ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။ ထိုစဉ်က ဥပဒေပညာရှင်များ၏ ဥပဒေရှုထောင့်မှ စကားရပ်အသုံးအနှုန်း၊ စာလုံးတစ်လုံးချင်း ထောက်ပြမှုများကို ယခုသင်တန်းတက်ရောက်ချိန်၌ ပိုမိုနားလည်လာခဲ့ပါသည်။ ဥပဒေမူကြမ်းရေးဆွဲရေးဌာနမှ စာချုပ်စာတမ်းကိစ္စများ၊ ရာဇဝတ်မှု၊ တရားမမှုဆိုင်ရာ တရားစွဲဆိုရေးကိစ္စများလည်း များစွာလေ့လာသိရှိခဲ့ရပြီး မိမိအနေဖြင့် ဌာနတွင်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများတွင် ဤဥပဒေဆိုင်ရာ ဘာသာရပ်များကို ပြန်လည်ပို့ချ မျှဝေပေးလျက်ရှိပါသည်။

**မျှဝေခြင်းနှင့် လက်တွေ့အသုံးချခြင်း**

အထက်ဖော်ပြပါ တက်ရောက်ခဲ့သော သင်တန်းများမှ စာတွေ့လက်တွေ့ သင်ကြားမှုများသည် အလုပ်စတင်ဝင်ရောက်သည့် စာရင်းစစ်ရာထူးမှ အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုများ ရရှိသည်အထိ အသုံးပြုခဲ့ရသည့် အဖိုးမဖြတ်နိုင်သော သင်ယူရရှိမှုများ ဖြစ်ပါသည်။ မိမိသင်ယူခဲ့သော သင်တန်းအတွေ့အကြုံများကို လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများနှင့်ပေါင်းစပ်၍ ဌာနတွင်းသင်တန်းများတွင် သင်ကြားပို့ချခြင်း၊ ဆွေးနွေးခြင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချခြင်းဖြင့် အတူပူးတွဲဆောင်ရွက်နေသူများအား မျှဝေပေးလျက်ရှိပါသည်။ မိမိ၏ ဆရာတစ်ဦး လမ်းညွှန်မှာကြားသည်ကတော့ **“ကိုယ်ကိုယ်တိုင် သင်တန်းတက်သလို ကိုယ်လိုလူတွေ အများကြီးဖြစ်အောင် မွေးထုတ်ပေးဖို့လိုသည်”**ဟူ၍ ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အခြေခံပညာအရည်အချင်း၊ တက်ရောက်ခဲ့သည့် သင်တန်းများ၊ လက်တွေ့ဆောင်ရွက်ဖူးသည့် လုပ်ငန်းနယ်ပယ်များ မတူညီကြ၍ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍတွင် တစ်ဦးနှင့်တစ်ဦး တူညီနိုင်မည်မဟုတ်ပေ။ သို့သော် မိမိထက်သာလွန်စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများပေါ်ထွက်လာအောင် မိမိတို့တာဝန်ထမ်းဆောင်ခွင့်ရခိုက် အချိန်မီလေ့ကျင့်ပေးရင်း လက်တွဲခေါ်ယူ ပူးပေါင်းဆောင်ရွက်ခြင်းသည် မိမိတို့၏ တာဝန်ဖြစ်သည်ဟုခံယူကာ စွမ်းဆောင်ရည်မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။

**စာရေးသူ၏ ဆန္ဒမွန်**

ယနေ့လူငယ်များသည် နည်းပညာဘာသာရပ်ပိုင်း၌ နိုင်ငံတကာနှင့်အမီ လေ့လာနိုင်စွမ်းရှိသော အခြေအနေကောင်းများတွင် ကြီးပြင်းလာရသဖြင့် ထူးချွန်ထက်မြက်သူ များပြားလှပေသည်။ နောင်တစ်ခေတ်ဝယ် နိုင်ငံ၏ အားကိုးအားထားပြုရသော လူကောင်းလူတော်များဖြစ်အောင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ အသိပညာများ မျှဝေပေးခြင်းတို့အပြင် လက်တွေ့ဆောင်ရွက်ခွင့်ရအောင်လည်း အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားပါမည်ဟု ဆန္ဒပြုရေးသားဖော်ပြလိုက်ပါသည်။ ။



ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသား သင်တန်းသူများ။

# "ဟာသမြို့တော်" ရယ်စရာတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာတစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ အပတ်စဉ်(စနေနေ့) တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် "အကြံကောင်းလျှင်တစ်ချက်" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက်စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ကောင်းဆက်၊ ဖြူဖွေး၊ ဦးတိမ်ညွန့်၊ ဦးရာကျော်၊ ဦးရွှေခဲ၊ မတူး၊ ကြယ်စင်လင်း၊ နန်းခမ်းဝါနှင့် ဟာသပညာရှင်များစွာတို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV–HD Channel မှ နိုဝင်ဘာ ၁၁ ရက်(စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ❖ AFC Cup မှ

အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရ သုံးသင်းအနက် အကောင်းဆုံးတစ်သင်းသာ ဇုန်ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ရာ ရှမ်းယူနိုက်တက်အသင်း အနေဖြင့် မဖြစ်မနေအနိုင်ရရန် လိုအပ်နေခြင်းဖြစ်သည်။ ပထမအကျော့အပြီးတွင် အုပ်စု (F)၌ ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းက ကိုးမှတ်၊ ဩစတြေးလျကလပ် မက်ကာသာအသင်းက ခြောက်မှတ်၊ ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းက သုံးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် ဆီဘူးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးဟန်ဝင်းအောင်က "ပြည်တွင်းပွဲတွေနဲ့ ဘာကွာသလဲဆိုရင် ပြိုင်ဘက်ကွာပါတယ်။ နောက်တစ်ချက်က နိုင်ငံခြားသား ကစားသမားအရေအတွက်ကွာတယ်။ တခြားနိုင်ငံတွေမှာ ၅ + ၁ စနစ်ဖြစ်နေပါပြီ။ မသုံးဘူးဆိုရင်တောင် ငါးယောက် အနည်းဆုံးပါတယ်။ ဖနွမ်းပင်ခရောင်းအသင်းဆိုရင် ခြောက်ယောက်အပြည့်သုံးတယ်။ အဲလိုတွေ ကွာခြားပါတယ်။ ဆီဘူးအသင်းလည်း ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နဲ့ ခြေစွမ်းကွာဟမှုနည်းတယ်။ သူတို့မြေမှာ ကစားတုန်းကလည်း သူတင်ကိုယ်တင်ပါပဲ။ ကိုယ့်အိမ်ကွင်းမှာ ကစားရတဲ့ပွဲဆိုတော့ အားပိုရှိတာပေ့ါ။ အနိုင်ရအောင် ကစားသွားမှာပါ။ အရင်ပွဲထက် အများကြီး ပိုပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – SUFC**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ သမာဓိ (၅) လမ်း၊ အမှတ်-၂၉ နေ ဦးအောင်သန်း (၁၂/သဃက (နိုင်) ၁၄၄၄၃၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ -

ဦးအောင်သန်း သည် ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ သမာဓိ (၅) လမ်း၊ အမှတ်-၂၉၊ အကျယ်အဝန်း (၂၀ ပေ × ၇၀ ပေ) ရှိသည့် မြေကွက်နှင့်အိမ်ကို ၂၀၀၈ ခုနှစ်ခန့်တွင် လက်ရှိထား ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ထိုမြေကွက်ပေါ်၌ ကန်ထရိုက်တိုက်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေပါသည်။ သို့ဖြစ်ရာ ထိုမြေကွက်ပေါ်၌ အဆောက်အဦးဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ယင်းမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ သော်လည်းကောင်း ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအောင်သန်း ထံသို့ဖြစ်စေ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးပြည့်ဖြိုးအောင် (စဉ်-၅၁၅၇၈) ဦးရန်နိုင်ထွန်း (စဉ်-၅၃၁၆၀)**
**အထက်တန်းရှေ့နေများ**
**အမှတ်-၇၇ (ပထပ်)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၅၃၀၀၆၃၄**




## * ကျောဖုံးမှ

မန်စီးတီး အသင်းဟာ ယန်းဘွိုင်းစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့် လေးပွဲကစားပြီးချိန်မှာ လေးပွဲစလုံးအနိုင်ရရှိခဲ့မှုနဲ့အတူ ရှုံးပွဲမရှိစံချိန်နဲ့ ရမှတ် ၁၂ မှတ် ရရှိခဲ့ကာ အုပ်စုအဆင့်ထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပြီး ၁၆ သင်း အဆင့်ကို ပထမဆုံးတက်လှမ်းခွင့်ရရှိခဲ့တဲ့အသင်းလည်း ဖြစ်လာခဲ့ပါတယ်။

### အနိုင်ရရှိခဲ့

အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ မန်စီးတီးအသင်းနဲ့အတူ ပွဲစဉ် ၇၀ ပါဝင်ကစားပြီးချိန်မှာ ၆၇ ဂိုးအထိ သွင်းယူနိုင်ခဲ့သူလည်း ဖြစ်လာခဲ့ပါတယ်။ ချန်ပီယံလိဂ်အုပ်စု အဆင့် ပွဲစဉ်(၄)ရဲ့ အခြားသော ပွဲစဉ်တွေမှာတော့ ဒေ့ါမွန်အသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ရက်တာဒိုးနက်စ်အသင်းက ဘာစီလိုနာ အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ အက်သလက်တီကို မက်ဒရစ်အသင်းက ဆဲလ်တစ်အသင်းကို ခြောက်ဂိုး–ဂိုးမရှိ၊ အေစီမီလန်အသင်းက ပီအက်စ်ဂျီအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ လာဇီယိုအသင်းက ဖီယင်နုအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ပေါ်တိုအသင်းက ရှိုင်ယယ်အန့်ဝက်ပ်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ လိုက်ပ်ဇစ် အသင်းက ဘဲလ်ဂရိတ်အသင်းကို နှစ်ဂိုး–တစ်ဂိုး အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အလက (၈) Grade–9 မှ မောင်ဆိုင်းဂွမ်ဆန်နော် ၏ ဖခင်အမည်မှန်မှာ ဦးကွမ်ဖန်းနော်ဆန်း [၁/မကန (နိုင်)၀၈၄၈၀၃] ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ခိုင်ဦး [၁၂/ဥကမ (နိုင်) ၁၈၅၃၆၅]၏ ပတ်စ်ပို့နံပါတ် (MB–533496)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–252844839**

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (ပမ္မတီး) Grade–4 မှ မောင်ထူးချွန်ထက်၏ မိခင်အမည်မှန်မှာ ဒေါ်လီလန်ဖိန်း [၁/မကန (ဧည့်) ၀၀၁၂၂၂] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၄၇–ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၆၃၃)၊ (ခေါင်းရင်းခြမ်း)မြေအကျယ် ပေ(အလျား ၂၀x အနံ ၆၀) မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးမြဆိုင် (HGU–031113) အမည်ဖြင့် မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသော နော်စောဖြူစင်သဲမိုး [၁၂/အစန(နိုင်) ၁၉၈၃၁၉]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း ၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆) ရပ်ကွက်၊ (၄၃) လမ်း၊ အမှတ်–၄၂၊ (၂) ခန်းတွဲ (၇) ထပ်တိုက်၏ တတိယထပ်၊ ၄–လွှာ (တိုက်ဘက်သို့မျက်နှာမူလျှင်ယာဘက်)၊ (၁၂ ပေခွဲ x ၅၀ ပေ) အကျယ်ရှိတိုက်ခန်းကို ဒေါ်မြတ်ဆွေဇင်ကြိုင် (၁၂/တတန (နိုင်) ၁၁၅၂၈၆) ထံမှ **ဦးအိစမိုင် (ခ) မောင်မောင်တင်** (၁၂/ပဘတ (နိုင်) ၀၂၅၄၁၂) က ဝယ်ယူရန် စရန်ငွေ (ပစ္စည်းတန်ဖိုးတစ်စိတ်တစ်ဒေသပေးချေငွေ)ကို ပေးချေထားပြီးဖြစ်ပါ၍ ထိုအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့၇ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးအိစမိုင် (ခ) မောင်မောင်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသိန်းထိုက် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၃၇)
အမှတ်–၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၀၂၈၁၆၁




## တိုက်ခန်းဝယ်ယူပိုင်ဆိုင်ပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၂–လမ်း၊ အမှတ်–၁၀၄ ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက် အနက်မှ ၄–လွှာ၊ တိုက်ကိုမျက်နှာမူလျှင်– ညာဘက်အခြမ်း၊ အကျယ်အဝန်း (၁၅'x၅၀')ရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသန်းနု [၁၂/ပဘတ(နိုင်)၀၀၀၀၈၇] အမည်ပေါက်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်ချိုချို[၁၂/မဂတ(နိုင်)၀၇၇၂၀၅] နှင့် ဦးသိန်းရွှေ [၁၂/မဂတ(နိုင်)၀၉၂၇၀၅]တို့က (၈–၁၁–၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆို၍ ငွေအပြေအကျေ အပြည့်အဝပေးချေကာ လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မာမာသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂)**

| | |
|---|---|
| **ဒေါ်နီနီဝင်း (LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၅၄၃၀၅)** | **(စဉ်–၅၅၇၆၄)** |

**အမှတ်(၃၆)၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၀၆၄၉၅၉၊ ၀၉–၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ (၆)ရပ်ကွက်၊ ချင်စုလမ်း၊ တိုက်အမျိုးအစား–(၁၆)ခန်းတွဲ (၄)ထပ်တိုက်အဆောက်အဦပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်(၉၂)၊ အခန်းအမှတ်(၉)၊ အကျယ်အဝန်း–(၂၇၆၀)စတုရန်းပေအကျယ်ရှိ စုပေါင်းအဆောက်အအုံတိုက်ခန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမျိုးကျော်သူ [၈/စလန(နိုင်)၂၂၂၅၇၉]နှင့် ဒေါ်ဝါဝါ [၁၀/မလမ(နိုင်)၁၂၉၅၅၀] တို့အမည်ပေါက်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးကျော်သူနှင့် ဒေါ်ဝါဝါတို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြူလီကျို [၁၃/ဟပတ(နိုင်)၀၁၂၉၄၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ –** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးမျိုးကျော်သူ [၈/စလန(နိုင်)၂၂၂၅၇၉]** | **ဒေါ်သီဂီစိုး** |
| **ဒေါ်ဝါဝါ [၁၀/မလမ(နိုင်)၁၂၉၅၅၀]** | **(LL.B,D.B.L,D.I.L,D.I.P.L, D.M.L)** |

**အထက်တန်းရှေ့နေ (စဉ်–၃၅၉၄၈)**
**အမှတ်– ၃၁/အေ၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၀၁၈၆၃၈၈ ၊ ၀၉–၇၇၉၅၇၂၇၈၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၈၊ မြေကွက်အမှတ်– ၄၀၀/ခ၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည် နေရာအမှတ် (၄၀၀/ခ)၊ နီလာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ ဦးဝင်းနိုင်ဦး [၁၂/ဥကမ(နိုင်)၀၀၈၂၁၉]၊ ဦးတင်ထွန်းနိုင် [၁၂/ဥကမ(နိုင်)၀၀၈၁၆၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ထွန်းနိုင်ထံမှ အပြီးအပိုင်စွန့်လွှတ်စာချုပ်အမှတ်– ၈၅၃၉/၂၀၁၉/၁၂–၁၂–၂၀၁၉ဖြင့် ရရှိသူ ဦးဝင်းနိုင်ဦးသည် (၅–၁–၂၀၂၀)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်းဇနီးဖြစ်သူ ဒေါ်လှဲ့လှဲ့ဝင်း [၁၂/သလန(နိုင်)၀၁၇၃၃၅]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်(၃၈၄/၂၀၂၂) (၂၀–၉–၂၀၂၂) ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် အရေးကြီးပုဂ္ဂိုလ် အခမ်းအနားများတွင် ဓာတ်အားမပြတ်တောက်စေရေးအတွက် အသုံးပြုရန် လိုအပ်သည့် Mobile UPS 30 kVA (1) Set နှင့် 60 kVA (2) Set တို့အားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၈.၁၁.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှ (၂၃.၁၁.၂၀၂၃) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-ဖဖ-၈၊ ဦးပိုင်အမှတ်(၄၈)၊ ၄၆x၄၇ လမ်း၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အိမ့်မြိုင်ဖြိုး [၉/မရမ(နိုင်)၀၀၃၈၅၁]၏( SP ရရှိသူ ဒေါ်လှမိုင်) က အမှုတွဲအမှတ် ၅၃၂၁/၂၀၂၃-၂၀၂၄ ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ရန်စိန် [၁၂/လသန(နိုင်) ၀၁၆၁၅၅] ၏ ပတ်စ်ပို့ No.M778257 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၃၀၅၅၃**

---

## ပျောက်ဆုံးကြောင်း

ဦးဖြိုးဇော် [၁၂/သကတ (နိုင်) ၃၇၅၉၇၆]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-450047577**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်-လလ-၄၃၊ ဦးပိုင်အမှတ်(၂၅+၂၆)၊ ၅၈x၅၉လမ်း၊ ၁၄၀x၁၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးတင့်ဆွေ၏ (SP ရရှိသူ ဒေါ်လှလှမွန်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၆၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းခိုင် [၉/မရတ(နိုင်) ၀၇၉၂၈၇]က အမှုတွဲအမှတ်-၅၃၂၇/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/တောင်၊ မြေကွက်အမှတ်-(၅၁၃/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ ဒေါ်စိန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်စိန်[၁၃/လရန(နိုင်) ၀၂၈၀၅၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါမြင့် [၁၀/သထန(နိုင်) ၁၃၉၇၅၁]က အပြီးအပိုင်ဝယ်ယူရန် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း မူရင်းများနှင့်အတူ တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇန်ကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ၀-၈၊ ဦးပိုင်အမှတ်(၂၇)၊ ၆၇x၆၈ လမ်း၊ ၁၁၄x ၁၁၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝေဖြိုးအောင် [၈/မမန(နိုင်) ၁၃၆၉၆၉]က အမှုတွဲအမှတ် -၅၃၂၈/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်-၆၉၃၊ ဦးပိုင်အမှတ်(၄၁-ဃ)၊ ၃၉လမ်းမျက်နှာပြူ၊ ၇၁x၇၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်အေး [၉/မရတ(နိုင်) ၀၇၅၈၀၁]က အမှုတွဲအမှတ်-၅၃၂၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းစန်းမော်၏**
**(၄-၉-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ ၂၉ ပါ**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ကမာကဆစ်ရပ်ကွက်၊**
**ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ်(၁)၊ ဧရိယာ (၄၀ x ၆၀) ပေရှိသည့် ဦးသန်းထွေး**
**(Q/RGN-၀၀၈၅၁၈) အမည်ပေါက်နေသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်**
**မြေပေါ်ရှိ နေအိမ်(ယခင်) လပ်ကီးစားသောက်ဆိုင်နေရာသည်**
**ကွယ်လွန်သူ (မိဘ) ဦးဘေတူနှင့် ဒေါ်အေးမိ တို့၏သား သမီး(၁၃)ဦးတို့က**
**ပူးတွဲပိုင်ဆိုင်သောအမွေဆိုင်ပစ္စည်းဖြစ်ကြောင်း ကြေညာခြင်းအပေါ်**
**ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ်(၁)၊ အိမ်အမှတ် (၂/၁)တွင် နေထိုင်ပိုင်ဆိုင်လျက်ရှိသည့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသန်းထွေး [၁၂/ဒလန(နိုင်)၀၃၀၅၂၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးအပ်ပါသည် -

အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်တို့နှင့်ပတ်သက်၍ ရှေ့နေဒေါ်စန်းစန်းမော်၏ သတင်းစာကြော်ငြာတွင် “အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်သည် အမွေရှင် မိဘများဖြစ်သူ ဦးဘေတူနှင့် ဒေါ်အေးမိတို့ပိုင်ဆိုင်ခဲ့သော ပစ္စည်းဖြစ်ပါသည်။ သို့သော် အဆိုပါမြေကွက်၏ နှစ်(၆၀) မြေငှားဂရန်တွင် မိဘများနှင့် အတူနေသားတစ်ဦးဖြစ်သူ ဦးသန်းထွေး (လူပျိုကြီး) အမည်ပေါက်ဖြင့် ထားရှိပေးခဲ့ပါသည်။ အမွေရှင်မိဘများဖြစ်သူ ဦးဘေတူနှင့် ဒေါ်အေးမိတို့ အသီးသီး ကွယ်လွန်သွားခဲ့ကြပြီးသည့်နောက် အဆိုပါမြေကွက်နှင့် နေအိမ်သည် သားသမီးများဖြစ်ကြသူ (၁) ဦးတင်ရီ(ကွယ်လွန်)၊ (၂) ဒေါ်သန်းမြင့်(ကွယ်လွန်)၊ (၃) ဦးသန်းအေး၊ (၄) ဒေါ်သန်းရီ (ကွယ်လွန်)၊ (၅) ဒေါ်သန်းဆွေ၊ (၆) ဦးသန်းထွေး၊ (၇) ဦးမြင့်အောင်(ကွယ်လွန်)၊ (၈) ဦးမြင့်ဝင်း၊ (၉) ဒေါ်မြင့်မြင့်အေး၊ (၁၀) ဦးအောင်ဝင်း၊ (၁၁) ဒေါ်အေးအေးဝေ၊ (၁၂) ဒေါ်မြင့်မြင့်ညို၊ (၁၃) ဦးလှမိုးတို့မောင်နှမ(၁၃) ဦးတို့က ပူးတွဲ၍ပိုင်ဆိုင်ခွင့်ရှိသော အမွေဆိုင်ပစ္စည်းဖြစ်လာခဲ့ပါသည်။ ကွယ်လွန်သူ မောင်နှမများတွင် ဥပဒေအရ အမွေဆက်ခံခွင့်ရှိသူများ ကျန်ရစ်ခဲ့ကြပါသည်။ မိဘများကွယ်လွန်ပြီးနောက် အိမ်ခြံမြေပေါ်တွင် ဂရန်အမည်ပေါက်သူ ဦးသန်းထွေးက အမွေစောင့်ရှောက်သူအဖြစ် ဆက်လက်နေထိုင်လျက်ရှိနေပြီး အိမ်ခြံမြေအား လွှဲပြောင်းရောင်းချသည့်အချိန်တွင် ကျန်မောင်နှမများထံသို့ အမွေခွဲဝေပေးမည်ဖြစ်ကြောင်း သဘောတူညီ ကတိပြုခဲ့ပြီးဖြစ်ပါသည်” ဟု ဖော်ပြပါရှိထားသည်ကို တွေ့ရှိရပါသည်။

တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းစန်းမော်၏ (၄-၉-၂၀၂၃) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၂၉) ပါ အကြောင်းအရာများအားလုံးမှာ လုံးဝမှန်ကန်မှုမရှိပါကြောင်းနှင့် မိဘများဖြစ်သည့် ဦးဘေတူနှင့် ဒေါ်အေးမိတို့မှာ ရွာဟောင်းကတည်းက ကွယ်လွန်ခဲ့ပြီး ရွာဟောင်းတွင် ၎င်းတို့ပိုင်ဆိုင်ခဲ့သည့် မြေကွက်အစား မြေကွက်သစ်များဖော်ရာတွင် ပြန်လည်ရရှိခဲ့သော မြေကွက်အမှတ် (၁၁၇၀)၊ ဒလ-တွံတေးကားလမ်းမကြီး၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေကွက်မှာ အမွေပုံပစ္စည်းဖြစ်သည့်အတွက် အဆိုပါမြေကွက်အား ရောင်းချ၍ မောင်နှမများအားလုံး အသီးသီး အမွေခွဲဝေရယူခဲ့ကြပြီးဖြစ်ပါကြောင်း၊ သတင်းစာပါမြေကွက်နှင့် နေအိမ်မှာ အမွေပုံပစ္စည်းလုံးဝမဟုတ်ပါကြောင်း ဦးစွာအသိပေး ပြန်လည်ရှင်းလင်းအပ်ပါသည်။

